# မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်

ကျမြိုး

# DEFEAT INTO VICTORY

Field Marshal
Sir William Slim



# အပိုင်း (၁)

## စစ်ရေးနိမ့်ခြင်း(ထင်းတစ်လှည့်)

# အခန်း (၁)
# မြန်မာပြည်တွင်းသို့

၁။ ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသ အိုင်းရက်ခ်သဲကန္တာရအတွင်း၌ တပ်မတစ်ခုကို ကွပ်ကဲအုပ်ချုပ်ရခြင်းသည် အတော်ပျော်စရာကောင်းလှပါသည်။ အမှန်မှာတော့ တပ်မတစ်ခုကို ကမ္ဘာပေါ်ရှိ ဘယ်နေရာမှာမဆို ကွပ်ကဲရလျှင် ပျော်ရွှင်စရာကောင်းသည်ပင်ဖြစ်ပါသည်။ တပ်မတော်သားတစ်ယောက်အဖို့ တပ်မတော်တွင် အမှုထမ်းနေဆဲကာလအတွင်း စိတ်ကြည်နူးစရာအကောင်းဆုံး၊ ပျော်ရွှင်စရာအကောင်းဆုံးဘ၀များမှာ တပ်စုမှူးဘ၀၊ တပ်ရင်းမှူးဘ၀၊ တပ်မမှူးဘ၀နှင့် တပ်တော်မှူးဘ၀တို့ပင်ဖြစ်လေသလားဟု ထင်မိရပေသည်။

(က) **တပ်စုမှူးဘ၀** ။ ။ တပ်စုမှူးဆိုသည်မှာ စစ်တက္ကသိုလ်ကဆင်းစ ကျွန်ုပ်တို့ငယ်ရွယ်နုနယ်သေးစဉ် ပထမဦးဆုံးသော တပ်မှူးဘ၀ဖြစ်သည်။ တပ်စုမှူးဆိုသည်မှာ မိမိတပ်စုတွင် ပါဝင်သမျှသော ရဲဘော်အားလုံးကို သူတို့၏မိခင်များထက်ပင် ချစ်ရသေးသည်။ သူတို့မိခင်က သူတို့သားများအကြောင်းသိသည်ထက် တပ်စုမှူးက ပို၍သိရသေးသည်။ ဤမျှအထိပင်လည်း တပ်စုမှူးကောင်းတစ်ယောက်ဖြစ်ခဲ့ရပေသည်။

(ခ) **တပ်ရင်းမှူးဘ၀** ။ ။ တပ်ရင်းတစ်ရင်းဆိုသည်မှာ သူ့ဘ၀နှင့်သူဖြစ်သည်။ တပ်ရင်းတစ်ရင်း ကောင်းသမျှ၊ ဆိုးသမျှမှာ တပ်ရင်းမှူးအပေါ်မူတည်လေသည်။ တပ်ရင်းမှူးဘ၀ဆိုသည်မှာ တကယ့်တပ်မှူးဘ၀အစပင် ဖြစ်လေသည်။

(ဂ) **တပ်မမှူးဘ၀** ။ ။ တပ်မဆိုသည်မှာ စစ်တိုက်ဖို့အတွက် အတောင်အလက်အင်္ဂါအပြည့်အစုံပါသော အငယ်ဆုံးတပ်ဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ထို့ပြင် တပ်မတစ်ခုလုံးမှ ရဲဘော်အားလုံးက သင့်ကိုသိမြင်နိုင်သေးသော အကြီးဆုံးတပ်ဖွဲ့လည်း ဖြစ်လေသည်။ တပ်မအထက်အဆင့် အဖွဲ့တပ်မှူးဆိုလျှင် သင့်အား ရဲဘော်အားလုံးက သိမြင်နိုင်ရန် အခွင့်အလမ်းနည်းပါးသွားလေပြီ။

(ဃ) **တပ်တော်မှူးဘ၀** ။ ။ တပ်တော်မှူးဆိုသည်မှာ တပ်တော်တစ်ခုကို ရဲဘော်စိတ်ဖွံ့ဖြိုးဖြစ်ပေါ်အောင် ပြုစုပျိုးထောင်ဖန်တီးပေးရသည့်အပြင် စစ်ပွဲအတွင်း ခေါင်းဆောင်မှုပေးနိုင်အောင် သင်ကြားလေ့ကျင့်ပေးရသည်။ ဤသို့ဖြင့် သင့်အဖို့ စိတ်လှုပ်ရှားရပြီး ဉာဏ်စွမ်းဉာဏ်စအစွမ်းထက်မြက်အောင် ကြိုးပမ်းအားထုတ်လိုက်ရသည့် ဗဟုသုတအတွေ့အကြုံတို့ကို အမြင့်မားဆုံးအဆင့်တွင် စည်းရုံးပူးပေါင်းပေးနိုင်သည်။

ဤသည်တို့မှာ တပ်တော်မှူးဖြစ်လာသော ပုဂ္ဂိုလ်တစ်ဦး အတွက် လူ့ဘဝတွင် ဖြစ်ခေါင့်ဖြစ်ခဲ၊ ရခေါင့်ရခဲသော သဘောရှိသည်။

အထက်ပါအချက်များကြောင့် တပ်မှူးဘဝသည် စစ်မှုထမ်းဘဝတွင် အကောင်းဆုံးသောဘဝများ ဖြစ်ပေသည်။

၂။ ယခုအချိန်၌ ကျွန်ုပ်သည် အမှတ်(၁၀)အိန္ဒိယတပ်မကို ကွပ်ကဲနေရသည်ဖြစ်ရာ အထူးပင် ပျော်မွေ့ဖွယ်ရာကောင်းလှပါသည်။ ကျွန်ုပ်တို့တပ်မသည် အိုင်းရက်ခ်သောင်းကျန်းသူနှိမ်နင်းရေးတွင်လည်းကောင်း၊ ဆီးရီးယားပြည်တွင်း နာဇီဘက်သားတပ်များအားလည်းကောင်း ရင်ဆိုင်ခဲ့ရပေသည်။ ထိုတိုက်ပွဲများ၌ ရန်သူ့ဘက်နှင့် ကျွန်ုပ်တို့ဘက်ပါ အကျအဆုံးများရှိခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့က အောင်နိုင်မှုရရှိခဲ့ကြသည်။ ထို့ပြင် ကျွန်ုပ်တို့တပ်မသည် ပါရှားပြည်စစ်ဆင်ရေးတွင်လည်း အဟန့်အတားအချုပ်အချယ်မရှိ ဝင်ရောက်ဆင်နွှဲခဲ့ကြရသည်။ ယင်းစစ်ဆင်ရေးတွင်လည်း အောင်နိုင်ခဲ့ရသည်ပင် ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ဟိုင်ဖာမြို့တွင်းမှ ဘီယာများ ဝယ်ယူလာခဲ့ကြပြီး ကက်စပီယံပင်လယ်ကမ်းခြေတွင် တပျော်တပါးသောက်စားခဲ့ကြသည်။ ကျွန်ုပ်တို့တပ်မသည် လှုပ်ရှားချီတက်နိုင်စွမ်းရှိခဲ့သည်။ တိုက်ခိုက်နိုင်စွမ်းရှိခဲ့သည်။ နောက်ဆုံးတွင်ကား အလွန်တရာမှ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးဖြစ်ထွန်းအောင် တည်ထောင်ပြုစုနိုင်သည်။ ထိုအကျိုးကျေးဇူးကား တိုက်ပွဲတိုင်း အောင်မြင်မှုအမြဲရစေသော အစဉ်အလာတည်း။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့ စစ်သားကောင်းပီသသည့် စစ်စိတ်စစ်သွေးတက်ကြွလျက်ရှိကြသည်ကို သတိပြုမိခဲ့ကြသည်။ ယခုအချိန်ကား ၁၉၄၂ ခုနှစ်၊ မတ်လဖြစ်လေသည်။ ထိုအချိန်၌ ကျွန်ုပ်တို့တပ်မရှိနေသော သဲကန္တာရထဲတွင် သဲမုန်တိုင်းများမကြာခဏကျရောက်နေလေသည်။ ကျွန်ုပ်တို့တပ်မတွင် စစ်အသုံးအဆောင်ပစ္စည်းများ ပြည့်ပြည့်စုံစုံမရှိဘဲ လျော့နည်းလျက်ရှိလေသည်။ ထို့ထက် ကျွန်ုပ်တို့ကိုင်ဆောင်အသုံးပြုရသည့် လက်နက်များမှာ ခေတ်မမီတော့ဘဲ ခေတ်နောက်ကျနေကြပြီဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးနှင့် ရင်ဆိုင်တွေ့ကြုံနေရစေကာမူ ကျွန်ုပ်တို့တပ်မသည် အချက်အချာနေရာဒေသသို့ ရောက်ရှိနေပြီဟု ယူဆလျက် တူရကီပြည်တွင်းသို့ ရန်သူဂျာမန်တပ်များ ဝင်ရောက်တိုက်ခိုက်မည့်အရေးကို စိတ်အားတက်ကြွစွာနှင့် စိတ်ဓာတ်ကျဆင်းခြင်းအလျှင်းမရှိဘဲ အခိုင်အမာကတုတ်ကျင်းများ အများအပြားတူး၍ ရန်သူအလာကို စောင့်ဆိုင်းလျက်ရှိခဲ့ကြပေသည်။ ကျွန်ုပ်တို့ရှိရာသို့ ရန်သူဂျာမန်များဝင်လာလျှင်လည်း ပန်ဇာတပ်မဟုခေါ်သော တင့်ကားတပ်မများသာလျှင် လိုမ့်ဝင်လာမည် မုချဖြစ်ပေသည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့တပ်မသည် လမ်းကြိတ်စက်ရှေ့၌အကြိတ်ခံရန် လွှင့်ပစ်လိုက်သည့် လိမ္မော်သီးအလားသဏ္ဌာန်ပင် ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။ သို့ရာတွင် ရန်သူမလာသေးခင် ယခုအချိန်အထိ တစ်နေ့တစ်နေ့ မိုင် ၁၀၀ မျှ အဆုံးအစမထင်သည့် သဲကန္တာရထဲတွင် မှန်ပြောင်းဖြင့် အရပ်ရှစ်မျက်နှာလှည့်လည်ကြည့်ရှုရင်း အချိန်ကုန်စေခဲ့သည်မှာ ပျော်ရွှင်စရာပင်ကောင်းသေးသည်ဟု ထင်မြင်မိပေသည်။ အမှန်အားဖြင့် ဗြိတိသျှတပ်များအတွက် သဲကန္တာရစစ်ပွဲများနှင့် သင့်လျော်လှပေသည်။ အဘယ်ကြောင့်ဆိုသော် သဲကန္တာရစစ်ပွဲမျိုးတွင် တိုက်ခိုက်နေရင်း မိမိရဲဘော်များကို အဝေးကလှမ်းမြင်နိုင်သောကြောင့်ဖြစ်ပါသည်။

၃။ ကျွန်ုပ်၏ဌာနချုပ်မှာ ဟာဗာနီယာကန်ထဲ၌ စခန်းချထားသည်။ ကျွန်ုပ်၏တပ်မဌာနချုပ်ရုံးကို ၎င်းကန်ထဲရှိ ရေယာဉ်ပျက်တစ်စင်းထဲတွင် ရုံးစိုက်ထားသည်။ တစ်နေ့သ၌ ဘဂ္ဂဒက်မြို့ရှိ တပ်တော်မှူးက တယ်လီဖုန်းဆက်သဖြင့် ကျွန်ုပ်နှင့်စကားပြောသောအခါ ကျွန်ုပ်အား လာမည့် ၃ ရက်အတွင်း အိန္ဒိယပြည်သို့ လေယာဉ်ဖြင့်သွားရန်ပြောသဖြင့် ကျွန်ုပ်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ ကျွန်တော့်မှာ တစ်စုံတစ်ရာ အပြစ်ကြောင့် အရေးယူခြင်းခံရသလားဟု တပ်တော်မှူးအားပြန်မေးလိုက်မိသည်။ တပ်တော်မှူးက အရေးယူခြင်းမဟုတ်ကြောင်း၊ ကျွန်ုပ်အား အခြားတာဝန်တစ်ခုအတွက် အလိုရှိသဖြင့် သွားရမည်ဖြစ်ကြောင်း ပြန်လည်ပြောပြပါသည်။ ထိုအခါ ကျွန်ုပ်က ကျွန်တော်အခြားတာဝန်ကို မလိုချင်ကြောင်း၊ ယခုတပ်မနှင့်အတူပင် ကျွန်တော်တာဝန်ထမ်းဆောင်လိုပါကြောင်း ထပ်မံ၍တင်ပြမိပါသည်။ ထိုအခါ တပ်တော်မှူးက စစ်သည်တော်ကောင်းတစ်ဦးဆိုသည်မှာ စေရာသွား၊ ခိုင်းရာလုပ်ဆိုသကဲ့သို့ အထက်မှ တာဝန်ပေးသည်ကိုမငြင်းဆန်ဘဲ လုပ်ရမည်ဖြစ်ကြောင်း ပြန်ပြောပြီး တယ်လီဖုန်းကိုဖြတ်ချလိုက်ပါသည်။

၄။ သဲမုန်တိုင်းများ အဆက်မပြတ်ကျရောက်နေသောကြောင့် အိန္ဒိယပြည်သို့ ကျွန်ုပ်ခရီးထွက်ခွာရန် ရက်အနည်းငယ်နှောင့်နှေးကြန့်ကြာခဲ့ရလေသည်။ ကျွန်ုပ်သည် မိမိတပ်မကို သံယောဇဉ်တွယ်နေပြီဖြစ်ခြင်းကြောင့် ဤကဲ့သို့ ခွဲခွာသွားရန် စိတ်မချမ်းသာလှပါ။ သဲမုန်တိုင်းများစဲသွားသောအခါ ကျွန်ုပ်သည် ဟာဗာနီယာကန်တွင်းရှိ ရေယာဉ်ပျံတည်ရှိရာသို့ ထွက်ခွာလာခဲ့ရပေသည်။ သဲမုန်တိုင်းစဲသွားပြီဆိုသော်လည်း လေပြင်းများတိုက်နေလျက်ပင်ရှိသေးသောကြောင့် ကျွန်ုပ်မျက်နှာကို သဲများပက်ဖျန်းနေစဉ်မှာပင် ကျွန်ုပ်အားလိုက်လံပို့ဆောင်နှုတ်ဆက်ကြသည့် တပ်မမှဦးစီးအရာရှိ ၆ ယောက်အား ပြန်လည်နှုတ်ဆက်ပြီး ဆိုက်ရောက်နေသော ရေယာဉ်ပျံပေါ်သို့တက်လိုက်ပါသည်။ ထိုသို့ ရေယာဉ်ပျံအတွင်းဝင်လိုက်သော် ရေယာဉ်ပျံတံခါးပေါက် အထက်ဘောင်နှင့် ကျွန်ုပ်၏ခေါင်းနှင့်ဆောင့်မိပါသည်။ ဤသို့ဖြစ်သည်မှာလည်း မကြာခဏပင်ဖြစ်တတ်သဖြင့် အထူးအဆန်းတော့မဟုတ်ပါ။ ရေယာဉ်ပျံတံခါးပေါက်က ကျွန်ုပ်၏ အရပ်နှင့်စာလျှင် အတော်နိမ့်နေသောကြောင့်ဖြစ်လေသည်။ ကျွန်ုပ် ရေယာဉ်ပေါ်ရောက်သောအခါ ရေယာဉ်မှူးနှင့် ၎င်း၏တွဲဖက်အရာရှိတို့သည် ထိုအချိန်၌ မိုးတိမ်များထူထပ်လွန်းသဖြင့် ပျံတက်ရန် သင့်၊ မသင့် ဆွေးနွေးနေကြသည်ကို တွေ့ရှိပေသည်။ နောက်ဆုံး၌ ရေယာဉ်မှူးက တိမ်သိပ်ထူထပ်ခြင်းရှိမည် မဟုတ်ဟုဆုံးဖြတ်ပြီး ပျံတက်ခဲ့ကြသည်။ ရေယာဉ်ပျံသန်းထွက်ခွာလာသောအခါ ကြိုတင်အကြောင်းကြားထားပြီး နယူးဒေလီမြို့ မီးရထားဘူတာရုံတွင် ချိန်းထားသည့် ကျွန်ုပ်၏ချစ်ဇနီး အိုင်လီန်နှင့် တွေ့ဆုံရမည့်အရေးအတွက် မျှော်တွေးဝမ်းမြောက်နေမိပါသည်။ သို့သော်လည်း ကျွန်ုပ်သံယောဇဉ်ရှိသော တပ်မထံမှ ဤကဲ့သို့ ရုတ်တရက်ခွဲခွာလာရသည့်အတွက် စိတ်မကြည်မသာတော့ဖြစ်နေမိသည်။

၅။ နောက်တစ်နေ့တွင် ဂွါလီရာမြို့အပြင်ဘက်ရှိ ရေနည်းစပြုနေသောရေကန်ထဲသို့ ကျွန်ုပ်တို့ ရေယာဉ်ပျံဆင်းသက်ခဲ့လေသည်။ ဂွါလီရာမြို့မှတစ်ဖန် နယူးဒေလီမြို့သို့ မီးရထားဖြင့်ခရီးဆက်ခဲ့ရာ နယူးဒေလီမြို့ဘူတာတွင် ကျွန်ုပ်၏ချစ်ဇနီးလာရောက်ကြိုနေသည်ကိုတွေ့ရသဖြင့် အတိုင်းမသိ ပီတိဖြစ်ရလေသည်။ နောက်တစ်နေ့နံနက်တွင်ပင် ကျွန်ုပ်သည် အိန္ဒိယပြည်စစ်ဌာနချုပ်သို့သွားရောက်၍ သတင်းပို့ခဲ့ရာ စစ်ဌာနချုပ်မှ သက်ဆိုင်သူပုဂ္ဂိုလ်ကြီးများက ကျွန်ုပ်ထမ်းဆောင်ရမည့်တာဝန်အကြောင်း သိကြပုံမရပါ။ သိကြလျှင်သော်မှလည်း ပြောချင်ကြပုံမရကြပါ။ စစ်ဌာနချုပ်ရောက်မှ ရေရေရာရာ

သိရသည်မှာကတော့ အိန္ဒိယပြည်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးမောရစ်(ကြယ်သုံးလုံးဗိုလ်ချုပ်)နှင့်အတူ ချက်ချင်းလိုလိုပင် လေကြောင်းဖြင့် မြန်မာပြည်သို့ ကျွန်ုပ်လိုက်ပါသွားရမည်ဆိုသည်ပင်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးမောရစ် မြန်မာပြည်သို့သွားခြင်းမှာလည်း အခြေအနေသိပ်အရေးမလှတော့သည့် မြန်မာပြည်တွင်းရှိ ရှေ့တန်းစစ်မျက်နှာသို့ ကိုယ်တိုင်ကိုယ်ကျတွေ့မြင်သိရှိနိုင်ရန်အတွက် သွားမည်ဖြစ်ကြောင်း သိရှိရလေသည်။ ဗိုလ်ချုပ်ကြီးမောရစ်နှင့်အတူ ကျွန်ုပ်ဘာကြောင့်လိုက်ပါသွားရသည့်အကြောင်းကိုမူ ကျွန်ုပ်မသိရပေ။ သို့ရာတွင် သည်တစ်ခါတော့ ကျွန်ုပ် အိန္ဒိယပြည်သို့ ထွက်ခွာမလာခင်က တပ်တော်မှူး ပြောလိုက်သည့်စကားကို ပြန်လည်သတိရမိပြီး ကျွန်ုပ်သည် စစ်သည်တော်ကောင်းပီသစွာပင် စေရာသွား၊ ခိုင်းရာလုပ်မည်ဟုသဘောထားကာ မည်သည့်မေးခွန်းမှ မည်သူ့ကိုမျှ မမေးတော့ဘဲ ဆိတ်ဆိတ်ပင် နေလိုက်ပါတော့သည်။

၆။ နောက်တစ်နေ့ နံနက်စောစောပင် ကျွန်ုပ်တို့နယူးဒေလီမြို့မှ လေယာဉ်ဖြင့်ထွက်ခွာ၍ ကာလကတ္တားမြို့၌ ညအိပ်ကြသည်။ တစ်ဖန် ကာလကတ္တားမြို့မှ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာ၍ မြန်မာပြည်ရခိုင်ကမ်းရိုးတန်းမှ သဘော်ဆိပ်မြို့ကလေးဖြစ်သည့် စစ်တွေမြို့သို့ ဆိုက်ရောက်ကြသည်။ စစ်တွေမြို့သည် ပျော်ရွှင်စရာကောင်း၍ ငြိမ်းချမ်းသာယာလှသည့် ပင်လယ်ကမ်းခြေမြို့ကလေးတစ်မြို့ဖြစ်လေသည်။ စစ်တွေမြို့သည် အိန္ဒိယပြည်ရှိ အလားတူမြို့များထက် ပို၍သန့်ရှင်းပြီး ပို၍လုပတင့်တယ်အောင် ထိန်းသိမ်းထားသည့် မြို့ကလေးဖြစ်ပေသည်။ မြန်မာပြည်ရှိမြို့များနှင့် ရွာများမှာ ထိုအချိန်က စစ်တွေမြို့ကဲ့သို့ပင် လှပတင့်တယ်၍ သန့်ရှင်းသောမြို့များ၊ ရွာများဖြစ်ကြသည်။ စစ်တွေမြို့၌ ကျွန်ုပ်တို့သည် မြန်မာပြည်လေတပ်ဦးစီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး စတီဗင်ဆင်နှင့်အတူ ညဥ့်နက်သည်အထိ မြန်မာပြည်၏အခြေအနေကို ဆွေးနွေးကြပါသည်။ ရန်ကုန်မြို့သည် မတ်လ ၉ ရက်က ရန်သူ့လက်သို့ကျရောက်ခဲ့လေသည်။ ရန်ကုန်မြို့မကျခင် ရက်အနည်းငယ်အတွင်းက ဗြိတိသျှတပ်များသည် အခက်အခဲများစွာဖြင့် ရန်သူ့လက်မှလွတ်အောင် ထွက်ခွာခဲ့ရလေသည်။ ယခုအခါ ဗြိတိသျှတပ်များမှာ ရန်သူနှင့် လွတ်လွတ်ကျွတ်ကျွတ်ဆုတ်ခွာပြီးဖြစ်၍ ပြန်လည်ဖွဲ့စည်းနေသောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ လေတပ်၊ ကြည်းတပ်အခြေအနေမှာ စိုးရိမ်ရလျက်ပင် ရှိနေပေသေးသည်။

၇။ ထိုစဉ်က မြန်မာပြည်တိုက်ပွဲစဉ်အခြေအနေသည် ရန်သူ၏လေကြောင်းအင်အား အဆမတန်ကြီးမားသည့်ကြားထဲကပင် ကျွန်ုပ်တို့၏ လေတပ်စစ်ဆင်ရေးများမှာ ကြည်းတပ်စစ်ဆင်ရေးများထက် ပို၍အောင်ပွဲဆင်နေနိုင်သည်ကို တွေ့ရှိရပေသည်။ မည်သည့်စစ်ဆင်ရေးနယ်မြေတွင်မဆို လေကြောင်းအင်အား၏အရေးကြီးပုံမှာ အထူးပင်ထင်ရှားလှပေသည်။ သို့ရာတွင် မြန်မာပြည်စစ်မျက်နှာ၌မူ စစ်ပွဲစကတည်းကပင် လေကြောင်းအင်အားသည် စစ်ပွဲကိုလွှမ်းမိုးချုပ်ကိုင်နိုင်သည့် အချက်တစ်ချက်ဖြစ်နေတော့လေသည်။ ရန်သူဂျပန်များ တိုက်စစ်မဆင်မီကတည်းက မြန်မာပြည်ကာကွယ်ရေးစီမံချက်ရေးဆွဲရာ၌ ရန်သူတပ်ဖွဲ့များ၏ချီတက်မှုကို အနည်းဆုံးတော့ နှောင့်နှေးဟန့်တားရန် ဖြစ်နိုင်လျှင် ရန်သူတို့ကိုလုံးဝရပ်တန့်စေရန် လေတပ်ဖွဲ့၏စွမ်းအားကို များစွာမှပင် အားကိုးတကြီးထား၍ ရေးဆွဲစီမံခဲ့လေသည်။ အမှန်မှာတော့ ဤကဲ့သို့ လေတပ်ဖွဲ့၏စွမ်းအင်ကို လွန်မင်းစွာ အားကိုးတကြီးမျှော်မှန်းထားခြင်းမှာ တစ်ဖက်စွန်းရောက်သော မျှော်မှန်းချက်မျိုးပင်ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်

တိုက်ပွဲစဉ် ၃ နှစ်အတွင်း၌ လေတပ်ဖွဲ့ချည်းသက်သက်ဆိုလျှင် မည်သည့်ခြေလျင်တပ်၏ ချီတက်မှုကိုမှ ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ကြောင်း ကျွန်ုပ်တို့တွေ့ရှိခဲ့ရခြင်းကြောင့် ဖြစ်လေသည်။ မြန်မာပြည်၌ ၁၉၄၂ ခုနှစ်အတွင်းက အမေရိကန်၊ အင်္ဂလိပ်လေတပ်ဖွဲ့များ၏ အင်အားမှာ ဖွဲ့စည်းပုံထက်လည်းကောင်း၊ စစ်ပွဲ ၏ ပမာဏအရလည်းကောင်း အလွန်လျော့နည်းနေလေသည်။ အင်အားပြည့်ရှိလျှင်သော်မှလည်း အထက်တွင်တင်ပြပြီးဖြစ်သည့်အတိုင်း လေတပ်ဖွဲ့သက်သက်ဖြင့်ဆိုလျှင်ကား ရန်သူတပ်များ၏ချီတက်မှုကို ရပ်တန့်စေခြင်းငှာ မစွမ်းဆောင်နိုင်ပေ။ ဗြိတိသျှတို့၏စာရင်း၌ မြန်မာပြည်အတွက် တိုက်လေယာဉ်ရဖို့အရေးဖြစ်စေ၊ အခြားစစ်အင်အားရဖို့အရေးဖြစ်စေ ဦးစားပေးမှုအဆင့်မှာ နောက်ဆုံးအဆင့်တွင် ရှိနေလေသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မြန်မာပြည်ရှိ လေတပ်ဖွဲ့၏အင်အားမှာ မပြောပလောက်ပေ။ ထိုနှစ်က မြန်မာပြည်ရှိ လေတပ်ဖွဲ့၏အင်အားမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဘတ်ဖဲလိုးခေါ် လေယာဉ်များပါသည့် ဘုရင့်လေတပ်မတော် တပ်ခွဲတစ်ခွဲ။

(ခ) ခေတ်မမီတော့သည့် တိုက်လေယာဉ် အနည်းငယ်သာပါသော အိန္ဒိယလေတပ်မတော် တပ်စုတစ်ခု။

(ဂ) ပီ (၄၀) တိုမာဟော့တ် (ရဲဒင်း) တိုက်လေယာဉ်များပါသည့် အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့မှ တပ်ခွဲတစ်ခွဲ။

(ဃ) ဘုရင့်လေတပ်မတော်မှ ဗုံးကြဲလေယာဉ်များမရှိဘဲ လူချည်းသာရှိသည့် ဗုံးကြဲလေတပ်ခွဲတစ်ခွဲ။ (ဗုံးကြဲလေယာဉ်များမှာ ထိုစဉ်အခါက စင်ကာပူတွင် ထားရှိရသည်။)

၈။ အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့သည် ထက်ထက်မြက်မြက်ရှိလှသော ဗိုလ်မှူးကြီးချီနော့လ်ထိ ၏ ကွပ်ကဲမှုအောက်၌ရှိသည်။ ယင်းတပ်ဖွဲ့၏တာဝန်များမှာ တရုတ်–မြန်မာလမ်းမကြီးကို ကာကွယ်ရန်ဖြစ်သည်။ ၎င်း၏ဌာနချုပ်ကို တရုတ်ပြည်ရှိ ကူမင်းမြို့၌ရုံးစိုက်ထားလေသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က တရုတ်–မြန်မာလမ်းမကြီး၏ ဝင်ပေါက်တံခါးဝသဖွယ်ဖြစ်နေသော ရန်ကုန်မြို့သည် အရေးကြီးမှန်းသိသဖြင့် မြို့ကာကွယ်ရေးအတွက် အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့မှ တတိယတပ်ခွဲတစ်ခွဲကို ရန်ကုန်မြို့သို့ပို့ထားလေသည်။ အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့မှ လေယာဉ်အဖွဲ့သားများသည် အမေရိကန်လေတပ်ဖွဲ့မှ လက်ရွေးစင်များဖြစ်ကြသည်။ ၎င်းတို့သည် အမေရိကန်ပြည်စစ်ထဲဝင်မလာမီကတည်းကပင် ဂျပန်လေတပ်နှင့် အချိန်အတော်ကြာ ရင်ဆိုင်တိုက်ခဲ့ကြဖူးသည့် ဗဟုသုတအတွေ့အကြုံရှိကြသူများဖြစ်သည်။ အမှန်မှာ တိုက်လေယာဉ်သူရဲများကဲ့သို့ပင် စွမ်းရည်အပြည့်အဝရှိကြသူများဖြစ်ကြသည်။ ယခုအခါ ကျွန်ုပ်တို့ ဘုရင့်လေတပ်မတော်မှ လေသူရဲများနှင့် အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့မှ လေသူရဲများပူးပေါင်း၍ ဂျပန်လေတပ်ကို လေကြောင်းစစ်ပွဲဆင်နွှဲရာတွင် ဂျပန်လေတပ်ထက် စွမ်းရည်များစွာသာကြောင်း အထင်အရှားလက်တွေ့ပြသနေသည်။ သို့ရာတွင် အင်္ဂလိပ်၊ အမေရိကန်လေတပ်ဖွဲ့များမှာ ထိုအချိန်က အခက်အခဲအဟန့်အတားများစွာ တွေ့နေရသည့်အချိန် ဖြစ်နေလေသည်။

၉။ မြန်မာပြည်စစ်မျက်နှာ၌ အင်အားနှိုင်းယှဉ်ချက်အရဆိုလျှင် ဂျပန်လေတပ်အား ရင်ဆိုင်တိုက်နိုင်ရန် ဗုံးကြဲလေယာဉ်မပါ၊ တိုက်လေယာဉ်ချည်း တပ်ခွဲ ၁၄ ခွဲလိုသည်ဟု သုံးသပ်၍ရလေသည်။ သို့ရာတွင်

ဂျပန်တို့စတိုက်သည့်အချိန်၌ မြန်မာပြည်တွင် တိုက်လေယာဉ် ၄ ခွဲနှင့် ဗုံးကြဲလေယာဉ်တစ်ခွဲသာ ရှိနေလေသည်။ ထို့နောက်မှ သက်တမ်းကုန်ခါနီးနေသည့် အမှတ်(၁)ဟာရီကိန်းတိုက်လေယာဉ် ၃ ခွဲနှင့် ဘလင်ဟီးဗုံးကြဲလေယာဉ်တစ်ခွဲ ဆိုက်ရောက်လာသည်။ ထိုအချိန်၌ မြန်မာပြည်ထဲတွင် လေယာဉ် အပိုပစ္စည်းများကလည်း အလွန်မှပင်ရှားပါးနေလေသည်။ ထိုစဉ်က မြန်မာပြည်ရှိ ဖော်ပြပါအင်အား အနည်းငယ်မျှရှိသည့် လေတပ်အင်အားကို ရန်သူဂျပန်လေတပ်ဖွဲ့က ထိုင်းနိုင်ငံအတွင်းရှိ လေယာဉ်ကွင်း များမှနေ၍ တိုက်လေယာဉ်အစင်း ၁၅၀ နှင့် တိုက်ခိုက်ခြင်းခံနေရလေသည်။

၁၀။ သာမန်အားဖြင့်ဆိုလျှင် ဂျပန်တို့၏ရေတပ် ဇီးရိုးလေယာဉ်များမှလွဲ၍ ကျန်ဂျပန်တိုက်လေယာဉ် များသည် ကျွန်ုပ်တို့၏ ပီ (၄၀) တိုမာဟော့တ် (ရဲဒင်း)တိုက်လေယာဉ်များနှင့် ဟာရီကိန်းတိုက်လေယာဉ် များထက် အဆင့်အတန်းနိမ့်ကျကြလေသည်။ ဂျပန်ရေတပ် ဇီးရိုးတိုက်လေယာဉ်များသည် ကျွန်ုပ်တို့၏ တိုမာဟော့တ် (ရဲဒင်း) တိုက်လေယာဉ်များ၊ ဟာရီကိန်းတိုက်လေယာဉ်များနှင့် အဆင့်အတန်းတူညီ မျှတူခန့်ရှိသည်။ သို့ရာတွင် ဂျပန်ရေတပ် ဇီးရိုးတိုက်လေယာဉ်များနှင့် ဂျပန်ဗုံးကြဲလေယာဉ်များသည် အန္တရာယ်များစွာရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းလေယာဉ်၏ ကိုယ်ထည်သည် လေသူရဲများ အတွက် သံချပ်ကာအကာအကွယ်ထည့်၍ ဆောက်လုပ်မထားသောကြောင့်ဖြစ်သည်။ သို့ရာတွင် ဂျပန် လေယာဉ်များသည် ခရီးအကွာအဝေးမိုင်ပေါင်းများစွာ လေယာဉ်ဆီထပ်မဖြည့်ဘဲ အသွားအပြန်ပျံသန်း နိုင်သောကြောင့် ၎င်းတို့အဖို့ များစွာမှအခွင့်အရေးသာနေလေသည်။ မြန်မာပြည်ကဲ့သို့ အရှေ့အနောက်၊ တောင်မြောက် လေကြောင်းမိုင်ခရီးအကွာအဝေးများစွာ ဝေးကွာလှသော စစ်မျက်နှာ၌ အထက်ပါဂျပန် တို့၏တစ်ပန်းသာမှုသည် ၎င်းတို့အဖို့ အလွန်တရာမှစစ်ရေးသာမှုကို ရရှိစေလေသည်။ ပုံစံအားဖြင့် ဂျပန်ရေတပ် ဇီးရိုးတိုက်လေယာဉ်သည် အသွားခရီး မိုင် ၂၅၀၊ အပြန်ခရီး မိုင် ၂၅၀ အကွာအဝေးအထိ ပျံသန်းနိုင်လေသည်။ ၎င်းလေယာဉ်တွင် လေထဲ၌ပျံသန်းရင်း ဖြုတ်ချခဲ့နိုင်သောဓာတ်ဆီတိုင်ကီများ ထည့်ပေးလိုက်လျှင် အသွားခရီး မိုင် ၅၀၀၊ အပြန်ခရီး မိုင် ၅၀၀ အထိ ပျံသန်းနိုင်လေသည်။ ကျွန်ုပ် တို့၏ ဟာရီကိန်း၊ အမှတ်(၂)တိုက်လေယာဉ်သည် အသွားခရီး ၁၃၅ မိုင်၊ အပြန်ခရီး ၁၃၅ မိုင်မျှသာ ပျံနိုင်လေသည်။ ထို့ကြောင့် ရန်သူဂျပန်လေယာဉ်များထားရှိသည့် လေယာဉ်ကွင်းများသို့ ကျွန်ုပ်တို့ တိုက်လေယာဉ်များဖြင့် သွားရောက်တန်ပြန်တိုက်ခိုက်ရန် စွမ်းအားမရှိတော့ပေ။

၁၁။ ဂျပန်တို့သည် ကျွန်ုပ်တို့ထက် လေယာဉ်အင်အားနှင့် လေယာဉ်ခရီးအကွာအဝေး ပို၍ပျံသန်းနိုင် သည့်အရေးသာမှုသာမက အခြားအရေးသာမှုများလည်းရှိပေသေးသည်။ ကျွန်ုပ်တို့ လေယာဉ်ကွင်း များကိုကာကွယ်ရန်နှင့် ကျွန်ုပ်တို့၏လေယာဉ်များကို လေယာဉ်ကွင်းထဲ၌ပင်ရှိနေစဉ် ရန်သူဂျပန် လေယာဉ်များက မဖျက်ဆီးနိုင်ရန်အတွက် လုံလောက်သောကြိုတင်သတိပေးမှုစနစ်တစ်ခုရှိရန် အထူး လိုအပ်လေသည်။ ဤအချက်တွင်လည်း ကျွန်ုပ်တို့သည် စစ်ရေးအရ တစ်ပန်းရှုံးနေလေသည်။ ထိုစဉ် အချိန်အခါက မြန်မာပြည်ရှိ လေယာဉ်ကွင်းများ၏ တည်နေရာအနေအထားကြောင့် ဤကဲ့သို့ တစ်ပန်းရှုံး နေသည့်အခြေအနေကို အရေးသာအောင် မည်သို့မျှပြုလုပ်ရန် မဖြစ်နိုင်တော့ချေ။ ထိုစဉ်အခါက မြန်မာ ပြည်ရှိ လေယာဉ်ကွင်းများမှာ တောင်စူးစူးမှ မြောက်စူးစူးသို့ တစ်တန်းတည်း ထိုင်းနိုင်ငံနယ်နိမိတ်နှင့် မျဉ်းပြိုင်တည်ဆောက်ထားသည့်အနေအထားတွင် ရှိနေလေသည်။ ပုံစံအားဖြင့် တောင်ဘက်အစွန်ဆုံးရှိ

ဝိတိုရိယအငူ ကော့သောင်းမှသည် မြိတ်၊ မော်လမြိုင်၊ ရန်ကုန်၊ တောင်ငူ၊ ဟဲဟိုး၊ နမ့်ဆန်မှ မြောက်ဘက်လားရှိုးအထိ အဓိကလေယာဉ်ကွင်းများကို တည်ဆောက်ထားလေသည်။ ဤသို့သော အဓိကလေယာဉ်ကွင်းများ၏ တည်နေပုံ ပထဝီအနေအထားကြောင့် ကျွန်ုပ်တို့အတွက် လုံလောက်သောကြိုတင်သတိပေးမှုစနစ် မရရှိနိုင်ခဲ့ပေ။ ကျွန်ုပ်တို့၏ လေယာဉ်များက ထိုင်းနိုင်ငံအတွင်းပိုင်းသို့ ခရီးဝေးထိုးဖောက်ပျံသန်းသွားရောက်နိုင်မှသာလျှင် ကြိုတင်သတိပေးမှုစနစ်ကို အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ ထိုစဉ်က ကျွန်ုပ်တို့သည် ထိုင်းနိုင်ငံအတွင်းပိုင်းသို့ သွားရောက်ရန်လည်း မည်သည့်အခါကမျှမကြိုးစားခဲ့ကြပေ။ အမှန်အားဖြင့်ကား မြန်မာပြည်၏ အဓိကလေယာဉ်ကွင်းများကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီတိုင်းအတွင်း၌သာ ဖောက်ထားသင့်လှပေသည်။ ထိုသို့မဖောက်လုပ်ထားဘဲ မကွေး၊ မိတ္ထီလာ၊ ရွှေဘို၊ မြစ်ကြီးနားမြို့များ၌ အရေးပေါ်လေယာဉ်ကွင်းငယ်များကိုသာ ဖောက်လုပ်ထားလေသည်။ ထိုစဉ်က မြန်မာပြည်ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စက်မှုပစ္စည်းအနည်းငယ်မျှနှင့် ယင်းလေယာဉ်ကွင်းများကို အချိန်တိုတိုအတွင်း ရာသီဥတုမရွေးအသုံးပြုနိုင်အောင် တည်ဆောက်ပေးနိုင်ခြင်းမှာ အထူးပင် ချီးကျူးစရာကောင်းလှပေသည်။ အမှန်အားဖြင့် ယင်းလေယာဉ်ကွင်းငယ်များကို မကွေး၊ မိတ္ထီလာ၊ ရွှေဘို၊ မြစ်ကြီးနားမြို့တို့၌ ယခင်ကတည်းက တည်ဆောက်ထားရှိခြင်းမှာ မြန်မာပြည်ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အပြစ်မဟုတ်ပေ။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာပြည်ရှိ အဓိကလေယာဉ်ကွင်းများမှာ ရှိသင့်သည့်နေရာတွင် မရှိရသည့် အပြစ်အပြင် ထိုအချိန်၌ ကျွန်ုပ်တို့ဘက်တွင် လေယာဉ်ပစ်အမြောက်တပ်၏ အပိုဆောင်းသည့် တပ်အစိတ်အပိုင်းအဖြစ် ရေဒီယိုဖြင့်အရပ်မျက်နှာရှာဖွေသည့် စက်တစ်စုံသာရှိသော ချွတ်ယွင်းချက်တို့ပါ ရင်ဆိုင်နေရလေသည်။ ထို့ပြင် ထိုစဉ်က အပူတပြင်းဖွဲ့စည်းလေ့ကျင့်ပေးလိုက်သည့် တပ်ဖွဲ့အသစ်ဖြစ်သော မြန်မာပြည်အကဲကြည့်တပ်ဖွဲ့၌ ဝိုင်ယာလက်ကြေးနန်းများတပ်ဆင်မထားနိုင်ပေ။ ထို့ကြောင့် မြန်မာပြည်အကဲကြည့်တပ်ဖွဲ့သည် အလွန်တရာမှ ဆက်သွယ်မှုနည်းပါးပြီး ခက်ခဲလှသော အရပ်ဘက်တယ်လီဖုန်းနှင့် ကြေးနန်းတို့ကိုသာအသုံးပြု၍ စစ်ဆင်ရေးသတင်းများကို ပို့နေရသည့်အခြေအနေ၌ရှိနေလေသည်။ ဤမျှသည်ပင်လျှင် ထိုအချိန်က ကျွန်ုပ်တို့၏ မြန်မာပြည်လေတပ်ဖွဲ့ကလေး၏ အခက်အခဲအကျပ်အတည်းများအကြောင်း ဖော်ပြချက်များဖြစ်ပေသည်။

၁၂။ ရန်ကုန်မြို့သည် ရန်သူဂျပန်လေယာဉ်များက လေကြောင်းမှဗုံးကြဲချခြင်းကြောင့် အကြီးအကျယ်ပျက်စီးဆုံးရှုံးရလေသည်။ သို့ရာတွင် ရန်ကုန်မြို့ကို ရန်သူ့လေကြောင်းရန်မှခုခံကာကွယ်ပေးသော ဗြိတိသျှလေတပ်၊ တပ်ခွဲနှစ်ခွဲနှင့် နှစ်စု၊ အမေရိကန်လေတပ်တပ်ခွဲတစ်ခွဲတို့က ပထမနှစ်လပိုင်းအတွင်း နေ့ရောညပါ ၃၁ ရက်တိုင်တိုင် ရန်သူ့ဂျပန်လေယာဉ်များကို ရင်ဆိုင်တိုက်ခိုက်ခဲ့လေသည်။ ထိုသို့တိုက်ခိုက်ခြင်းကြောင့် ရန်သူ့ဂျပန်လေယာဉ် အစင်းပေါင်း ၁၃၀ ကို ပစ်ချဖျက်ဆီးခဲ့နိုင်လေသည်။ ထိုသို့ဖျက်ဆီးနိုင်သောကြောင့် ထိုနှစ် ဖေဖော်ဝါရီလကုန်အလွန်တွင် ရန်သူဂျပန်များသည် ရန်ကုန်မြို့ကို လေကြောင်းမှဆက်လက်တိုက်ခိုက်နိုင်စွမ်း မရှိတော့ပေ။ ထိုသို့ဖျက်ဆီးပစ်ချခြင်းခံရသည့် ရန်သူ့လေယာဉ်အများစုမှာ အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့က ပစ်ချဖျက်ဆီးခဲ့ခြင်းဖြစ်လေသည်။ အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့မှ လေသူရဲများသည် ဗြိတိသျှလေသူရဲများထက် လေကြောင်းတိုက်ပွဲအတွေ့အကြုံပိုများပြီး ၎င်းတို့၏ ပီ (၄၀) တိုက်လေယာဉ်မှာ ရန်သူဂျပန်တိုက်လေယာဉ်များထက် ပို၍

အစွမ်းထက်မြက်သော လေယာဉ်များဖြစ်ကြသည်။ ဤအချက်ကြောင့်ပင်လျှင် ရန်သူ့လေကြောင်းရန် ကြီးကြီးကျယ်ကျယ်မရှိတော့ဘဲ ရန်ကုန်မြို့ထဲသို့ နောက်ဆုံးအသုတ်စစ်ကူများ ပို့ပေးနိုင်ခဲ့ပြီး မြန်မာပြည်မှ နောက်ဆုံးဆုတ်ခွာမှုအတွက် ဖောက်ခွဲဖျက်ဆီးမှုများကို ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်လေသည်။

၁၃။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ ပီ (၄၀) အမေရိကန်တိုက်လေယာဉ်များနှင့် ကျွဲကြီးခေါ်ဘတ်ဖဲလိုးဗုံးကြဲလေယာဉ်များသည် လက်လှမ်းမီသော ရန်သူဂျပန်လေယာဉ်ကွင်းများကိုသွားရောက်၍ လေကြောင်းမှဗုံးကြဲတိုက်ခိုက်ကြလေသည်။ ဗြိတိသျှဟာရီကိန်းတိုက်လေယာဉ်များမှာမူ ခရီးဝေးကွာလွန်း၍ မလိုက်ပါနိုင်ပေ။ ကျွန်ုပ်တို့၏ဗုံးကြဲလေယာဉ်အချို့တို့သည် ထိုင်းနိုင်ငံအတွင်းပိုင်း ခပ်ဝေးဝေးခရီးအထိပင်သွားရောက်၍ ဗုံးကြဲနိုင်ခဲ့လေသည်။ ဤသည်ပင်လျှင် ရန်သူဂျပန်တို့ဘက်မှ အဘက်ဘက်က အရေးသာနေပါလျက် ကျွန်ုပ်တို့၏ အင်အားအနည်းငယ်မျှသာရှိသော လေတပ်ဖွဲ့ကလေးက ရန်သူဂျပန်တို့နှင့် သတ္တိရှိရှိ၊ စွန့်စွန့်စားစား၊ ထိထိရောက်ရောက်ယှဉ်ပြိုင်၍ ဖြစ်နိုင်ခဲလှသော လေကြောင်းတိုက်ပွဲများဆင်နွှဲခဲ့သည့်အကြောင်းဖြစ်လေသည်။

၁၄။ ဤကဲ့သို့ ဇွဲနှင့် လုံ့လ၊ ဝီရိယရှိရှိ၊ ကြံ့ကြံ့ခံ၍ ရန်သူကို ခုခံတိုက်ခိုက်နေမှုအား ကြာရှည်ထိန်းထားနိုင်ခြင်းငှာ မတတ်နိုင်တော့ပေ။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် အခြေအနေအရ စစ်ဆင်ရေးအင်အားနှိုင်းယှဉ်ကြည့်လိုက်လျှင် ကျွန်ုပ်တို့တွင် လေယာဉ် ၃၅ စင်းမျှသာရှိတော့၍ တစ်ဖက် ရန်သူဂျပန်တို့တွင် လေယာဉ်အစင်း ၁၅၀ ရှိနေလေသည်။ အင်အားဖြည့်ပေးရန် စစ်ကူတောင်းသမျှကိုလည်း အထက်ဌာနချုပ်များကမပေးခဲ့ကြချေ။ မလေးရှားနှင့်ဒတ်ချ် အရှေ့အိန္ဒိယကျွန်းစုတို့ကသာလျှင် ဦးစားပေးစစ်ကူများကို ရရှိနေကြဆဲပင်ဖြစ်လေသည်။ စင်ကာပူကျွန်းသည် ဖေဖော်ဝါရီလ ၁၅ ရက်၌ ရန်သူဂျပန်တပ်များလက်သို့ ကျရောက်သွားလေတော့ရာ ချက်ချင်းပင် ဂျပန်လေတပ်ဖွဲ့အတွက် အင်အားအကြီးအကျယ်တိုးတက်၍ရရှိလေသည်။ မတ်လအလယ်လောက်တွင် မြန်မာပြည်စစ်မျက်နှာတစ်လျှောက်၌ ဂျပန်လေတပ်ဖွဲ့၏အင်အားမှာ လေတပ်တပ်ရင်း ၁၄ ရင်းခန့်ရှိလေသည်။ လေယာဉ်စင်းရေအားဖြင့် စုစုပေါင်း ၄၀၀ ခန့်ရှိပြီး နေ့စဉ် လေယာဉ်အစင်းပေါင်း ၂၆၀ ခန့်ကို မြန်မာပြည်စစ်မျက်နှာသို့ စေလွှတ်တိုက်ခိုက်လျက်ရှိလေသည်။ ကျွန်ုပ်တို့ဘက်ကမူ နေ့စဉ် လေယာဉ်အစင်းပေါင်း ၄၅ စင်းကိုမျှပင် အနိုင်နိုင်ထုတ်နုတ်စေလွှတ်လျက် ရန်သူတို့အား ပြန်လှန်ခုခံတိုက်ခိုက်နေရပေသည်။ ထို့ကြောင့် ဗြိတိသျှနှင့် အမေရိကန်လေတပ်တို့အတွက် အခက်အခဲအကျပ်အတည်းများမှာ တစ်နေ့ထက်တစ်နေ့ ပို၍ကြီးမားလာနေပြီဖြစ်လေသည်။

၁၅။ အထက်ပါသတင်းများမှာ ကျွန်ုပ်တို့စစ်တွေမြို့၌ရှိစဉ် ညနေတိုင်း အဖျော်ယမကာထိုင်သောက်နေကြရင်း ကြားသိရသည့်သတင်းများဖြစ်လေသည်။ ထို့နောက် ရန်ကုန်မြို့ ရန်သူဂျပန်တပ် လက်ထဲကျသွားပြီး လေတပ်ဖွဲ့ကို မြန်မာပြည်အလယ်ပိုင်းသို့ ဆုတ်ခွာရွှေ့ပြောင်းခဲ့ရသည့်သတင်းကိုပါ ကျွန်ုပ်တို့ရရှိကြလေသည်။ ကျန်ရှိနေသောလေတပ်ဖွဲ့ကို နှစ်ဌာနခွဲကာ တစ်ဌာနကို မကွေး၌လည်းကောင်း၊ တစ်ဌာနကို စစ်တွေ၌လည်းကောင်းထားရှိရန် စီစဉ်ပြီးကြောင်းကိုပါ သိရှိကြရလေသည်။ ယခုကဲ့သို့

လေတပ်ဖွဲ့ကို နှစ်ဌာနခွဲလိုက်ရခြင်းမှာ အုပ်ချုပ်မှုကိစ္စအကြောင်းများကြောင့် အဓိကအကြောင်းရင်းဖြစ်လေသည်။ မြန်မာပြည်စစ်မျက်နှာ၌ ရိက္ခာပစ္စည်းထောက်ပံ့မှုနှင့် ကြံ့ခိုင်ထိန်းသိမ်းမှုပြဿနာရပ်များသည် အချက်အချာအရေးကြီးသောကိစ္စများဖြစ်ကြောင်း ရှေးဦးပထမ ကျွန်ုပ်သိရှိရခြင်းဖြစ်လေသည်။ ရန်ကုန်မြို့ ရန်သူလက်ကျရောက်သွားပြီဖြစ်သည့်အတွက် လေတပ်ဖွဲ့သည် ကြည်းတပ်နှင့်အလားတူပင် မိမိကိုယ်တိုင်ရပ်တည်နိုင်ရမည်ဖြစ်လေသည်။ မြန်မာပြည်အလယ်ပိုင်းသို့ ရိက္ခာပစ္စည်းထောက်ပံ့မှု၊ သို့မဟုတ် စစ်ကူအင်အားကို ကုန်းလမ်းခရီးမှလည်းကောင်း၊ ပင်လယ်ရေကြောင်းခရီးမှလည်းကောင်း ပေးပို့နိုင်မှု မရှိပေ။ အနည်းငယ်မဖြစ်စလောက်မျှသော ရိက္ခာပစ္စည်း၊ စစ်ကူအင်အားကိုသာ လေကြောင်းမှဖြည့်တင်းပေးနိုင်လေသည်။ မြန်မာပြည်မှာရှိနေသော လေတပ်ဖွဲ့တစ်ဖွဲ့လုံးအတွက် ထောက်ပံ့ထိန်းသိမ်းမှုပစ္စည်းအင်အားနှင့် အရန်ပစ္စည်းအင်အားမည်မျှလိုအပ်မည်ကို သုံးသပ်ကြည့်ကြသည်။ ထိုသို့ ထောက်ပံ့ထိန်းသိမ်းမှု မည်ကဲ့သို့ပြုလုပ်ရမည်ကို တွက်ချက်ကြည့်ခြင်းအားဖြင့် မကွေးမြို့၌ ထားရှိသင့်သည့် လေတပ်အင်အားကို ဆုံးဖြတ်ပေးနိုင်ခဲ့လေသည်။ ကျန်ရှိသောလေတပ်ဖွဲ့ကို စစ်တွေမြို့သို့ပို့ပြီး ၎င်းလေတပ်အား အိန္ဒိယပြည်မှ ပင်လယ်ရေကြောင်းခရီးဖြင့် ထိန်းသိမ်းထောက်ပံ့မည်ဟု မျှော်မှန်းခဲ့ကြသည်။ ထို့ကြောင့် မကွေးမြို့ရှိ လေတပ်အင်အားတွင် အောက်ပါတို့ပါဝင်ကြလေသည်–

(က) ဖြစ်ကတတ်ဆန်းဖွဲ့ထားသည့် လေတပ်ဌာနချုပ်။

(ခ) ဘုရင့်လေတပ်မတော် ဟာရီကိန်းတပ်ခွဲတစ်ခွဲ။

(ဂ) ဘုရင့်လေတပ်မတော်၊ ဗုံးကြဲတပ်ခွဲတစ်ခွဲ။

(ဃ) ဘုရင့်လေတပ်မတော်၊ ပူးပေါင်းပျံသန်းရေး တပ်ဆွယ်တစ်ဆွယ်။

(င) အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့၊ တပ်ခွဲတစ်ခွဲ။

(စ) ရေဒီယိုဖြင့် အရပ်မျက်နှာရှာဖွေသည့် လေတပ်စခန်းတစ်ခု။

အမေရိကန်အပျော်တမ်းလေတပ်ဖွဲ့တစ်ခွဲသည် ယခုအခါ အလွန်ပင်အင်အားနည်းနေပြီဖြစ်သည်။ ကျွန်ုပ်တို့၏ရေဒီယိုဖြင့် အရပ်မျက်နှာရှာဖွေသည့် လေတပ်စခန်းမှ စက်ပစ္စည်းများသည်လည်း သက်တမ်းကုန်ဆုံးလုနီးဖြစ်နေသည်။

၁၆။ စစ်တွေမြို့ရှိ လေတပ်အင်အားမှာ အောက်ပါအတိုင်းဖြစ်လေသည်–

(က) ကျပန်းဖွဲ့ထားသည့် လေတပ်ဌာနချုပ်။

(ခ) ခေတ်မမီတော့သည့် အမှတ်(၁) ဟာရီကိန်းလေတပ်၊ တပ်ခွဲတစ်ခွဲ။

(ဂ) အထွေထွေကင်းထောက်တပ်စုတစ်စု။

(ဃ) ဆက်သွယ်ရေးတပ်ဆွယ်တစ်ဆွယ်။

၁၇။ မကွေးမြို့တွင် လေတပ်ဖွဲ့ဌာနချုပ်ထားရခြင်း၏အကြောင်းမှာ အောက်ပါအချက်များကြောင့်ဖြစ်သည်–

(က) မကွေးမြို့၌ တယ်လီဖုန်းလိုင်းဆက်သွယ်ရေး နှစ်လိုင်းရှိလေသည်။ တစ်လိုင်းမှာ စစ်တောင်းမြစ်ကြောင်းအတိုင်းဖြစ်၍ အခြားတစ်လိုင်းမှာ ဧရာဝတီမြစ်ကြောင်းအတိုင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ မြန်မာပြည်အကဲကြည့်တပ်ဖွဲ့ကို ဧရာဝတီမြစ်ကြောင်းအတိုင်း

စခန်းချထားနိုင်လေသည်။ ထို့ကြောင့် ကြိုတင်သတိပေးမှုစနစ်တစ်ခု တည်ထောင်ထားရှိနိုင်လေသည်။

(ခ) မကွေးမြို့မှ မြန်မာပြည်တောင်ပိုင်းတွင် ခေတ်မီဗုံးကြဲလေယာဉ်များနှင့် တိုက်လေယာဉ်များထားရှိ၍ စစ်ဆင်ရေးပြုလုပ်ရန် လုံလောက်စွာကြီးမားသည့် လေယာဉ်ကွင်းမရှိတော့ချေ။

(ဂ) မကွေးမြို့လေယာဉ်ကွင်းသည် မြန်မာပြည်ထဲမှ ဧရာဝတီမြစ်ကြောင်းအတိုင်းဆန်တက်၍ ဆုတ်ခွာနေသောတပ်တော်တစ်ခုအား အန္တရာယ်ကင်းရှင်းစွာဆုတ်ခွာနိုင်အောင် ခုခံကာကွယ်ပေးနိုင်သည့် တစ်ခုတည်းသောလေယာဉ်ကွင်းအဖြစ် တည်ရှိနေပေသည်။

ထို့ကြောင့် မကွေးမြို့လေယာဉ်ကွင်းသည် အခြားအပြစ်ချို့ယွင်းချက်များ မည်မျှပင်ရှိနေစေကာမူ အထက်ဖော်ပြပါအကြောင်းများကြောင့် အကောင်းဆုံးလေယာဉ်ကွင်းတစ်ခုတည်းဖြစ်နေသဖြင့် မြန်မာ့လေတပ်ဌာနချုပ်ကို မကွေးမြို့၌ ရွေးချယ်ဖွင့်လှစ်တည်ထောင်ထားရခြင်းဖြစ်လေသည်။

၁၈။ ထိုစဉ်က မြန်မာပြည်မှလေတပ်ဗိုလ်ချုပ်သည် အိန္ဒိယပြည်မှလေတပ်ဗိုလ်ချုပ်ကြီး၏ လက်အောက်ခံဖြစ်လေသည်။ အိန္ဒိယပြည်လေတပ်ဗိုလ်ချုပ်ကြီးက မြန်မာပြည်ရှိလေတပ်ဗိုလ်ချုပ်အား ၎င်း၏လက်ရှိမြန်မာပြည်လေကြောင်းရန်ကာကွယ်ရေးတာဝန်ဝတ္တရားများအပြင် အောက်ပါလေကြောင်းရန်ကာကွယ်ရေးတာဝန်များကိုပါထမ်းဆောင်ရန် ညွှန်ကြားထားကြောင်း ကျွန်ုပ်တို့ထပ်မံသိရှိရလေသည်–

(က) ကာလကတ္တားမြို့ လေကြောင်းရန်ကာကွယ်ရေး။

(ခ) ဘင်္ဂလားပြည်နှင့် ဘီဟာနယ်တို့ရှိ စက်မှုလက်မှုဌာနများ၏ လေကြောင်းရန်ကာကွယ်ရေး။

(ဂ) အာသံပြည်နယ်၊ ဒစ်ဂ်ဘွိုင်မြို့ရှိ ရေနံတွင်းများ၏ လေကြောင်းရန်ကာကွယ်ရေး။

အထက်ဖော်ပြပါညွှန်ကြားချက်အသစ်ကြောင့် မြန်မာပြည်လေတပ်ဗိုလ်ချုပ်သည် ၎င်း၏ဌာနချုပ်ကို ကာလကတ္တားမြို့၌ဖွင့်လှစ်ထားရန် စီစဉ်ရကြောင်းသိရှိရပြီး မြန်မာပြည်လေတပ်ဗိုလ်ချုပ်သည် ကာလကတ္တားမြို့သို့ ရက်အနည်းငယ်အတွင်းပင်ပြောင်းရွှေ့ရန် ရည်ရွယ်ကြောင်းကိုပါ ကြားသိရလေသည်။

၁၉။ လွန်ခဲ့သည့် ၁၆ လခန့်က ကျွန်ုပ်သည် ဆူဒန်ပြည်နယ်၌ ရှိနေပေသည်။ ထိုစဉ်က ကြည်းတပ်ဌာနချုပ်နှင့် ၎င်းအားအကူပေးနေသော လေတပ်ဌာနချုပ်တို့သည် တစ်နေရာတည်းတွင် အတူတကွတည်ထောင်ထားရန်လိုအပ်ကြောင်း မမေ့နိုင်လောက်သော သင်ခန်းစာရရှိခဲ့ဖူးလေသည်။ ထို့ကြောင့် မြန်မာပြည်စစ်မျက်နှာ၌ လေတပ်ဌာနချုပ်ကို ကာလကတ္တားမြို့၌ထားရှိပြီး ကြည်းတပ်ဌာနချုပ်ကို မန္တလေးမြို့အနီး ပြင်ဦးလွင်၌ထားရှိခြင်းဖြင့် လေကြောင်း မိုင် ၅၀၀ ခန့်ကွာဝေးပြီး ကုန်းကြောင်းခရီးအားဖြင့်လည်း အဆက်အသွယ်မရှိဖြစ်နေသည်ကို ယခုကဲ့သို့တွေ့ရှိရခြင်းကြောင့် ကျွန်ုပ်မှာများစွာမှပင်အံ့သြရလေသည်။ မကွေးမြို့ရှိ လေတပ်ဌာနချုပ်နှင့် ပြင်ဦးလွင်ရှိ ကြည်းတပ်ဌာနချုပ်တို့သည်ပင်လျှင် တစ်ခုနှင့်တစ်ခု မိုင် ၂၀၀ ခန့်ဝေးကွာနေလေသည်။ ဤသို့ပင်လျှင် ၁၉၄၅ ခုနှစ်အထိ ကာလကတ္တားမြို့ကာကွယ်ရေးနှင့် မြန်မာပြည်တိုက်ပွဲစဉ်တို့သည် တစ်ဖက်နှင့်တစ်ဖက်အားပြိုင်၍ လွန်ဆွဲနေသကဲ့သို့ ရှိနေပေသည်။ ဤသို့ဖြစ်နေရခြင်းမှာလည်း စစ်ပစ္စည်းခနေအင်အား အလွန်တရာမှ

ရှားပါးခြင်းကြောင့် မလွဲမရှောင်သာဖြစ်ရလေသည်။ သို့ရာတွင် ယင်းအခြေအနေကြောင့် မြန်မာပြည် စစ်နယ်ဝှမ်းအတွင်း၌ လွတ်လွတ်လပ်လပ် လေကြောင်းအကူပေးရန်အတွက် များစွာမှပင် အနှောင့် အယှက်ဖြစ်ခဲ့ရလေသည်။ ထို့ပြင် လေတပ်တပ်မှူးများသည်လည်း မိမိတို့တာဝန်မနိုင်မနင်းဖြစ်၍ ပျက်ကွက်မည်စိုးရိမ်သောကြောင့် အမြဲတစေပင် မိမိတို့ရာထူးထိခိုက်လေမည်လားဟု စိုးရိမ်ပူပန် ကြောင့်ကြလျက် ရှိနေကြလေသည်။

၂၀။ ယခုအချိန်၌ မကွေးမြို့သည် ကျွန်ုပ်တို့၏လေတပ်ဌာနချုပ်တည်ရှိရာ မြို့ဖြစ်နေပေသည်။ နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် စစ်တွေမြို့မှ မကွေးမြို့သို့ ထွက်ခွာလာခဲ့ကြလေသည်။ ကျွန်ုပ်တို့သည် လေကြောင်းခရီးဖြင့် ရခိုင်ရိုးမတောင်တန်းကိုဖြတ်သန်း၍ ပျံသန်းလာခဲ့ကြရာ မြန်မာပြည်တွင်းရှိ သစ်တော များဖုံးလွှမ်းနေသော တောင်တန်းများကို ကျွန်ုပ်အဖို့ ပထမဦးဆုံးအကြိမ် မြင်ဖူးရခြင်းဖြစ်လေသည်။ ရခိုင်ရိုးမတောင်တန်းများသည် မြင်ကွင်းအတွက် အတားအဆီးကြီးကြီးမားမားအဖြစ် ရပ်တည်လျက် စစ်တပ်လှုပ်ရှားသွားလာမှုအတွက် မည်မျှအတားအဆီးတစ်ရပ်ဖြစ်လိမ့်မည်ကို ခန့်မှန်းသုံးသပ်ခြင်းငှာ မစွမ်းနိုင်လောက်အောင်ပင် မြင့်မားနေပေသည်။ ရခိုင်ရိုးမတောင်တန်းကို ခြေကျင်ခရီးဖြတ်ကျော်ရန် အတွက် နွယ်ယှက်နေသော ချုံနွယ်ပိတ်ပေါင်းတို့အားခုတ်ထွင်၍ အတင်းတောတိုးပြီး အလွန်တရာမှ မတ်စောက်လှသည့် တောင်ကမ်းပါးယံများအား ခက်ခဲပင်ပန်းလှစွာတွယ်ကပ်၍ တက်ရလိမ့်မည်ဖြစ် သည်။ တစ်ဖန် တောင်ထိပ်မှ တစ်ဖက်ချောက်ကမ်းပါးအောက်သို့ အဆုံးအစမရှိ လျှော၍ဆင်းရ လိမ့်ဦးမည်ဖြစ်ပေသည်။ ပုံစံအားဖြင့်နှိုင်းခိုင်းရလျှင် သစ်ဆွဲသည့်လွှသွားပေါ်တွင် လမ်းလျှောက်ရသည် နှင့် အလားသဏ္ဌာန်တူပေသည်။

၂၁။ ဤကဲ့သို့ မြန်မာပြည်ရှိ တောတောင်တည်နေပုံအနေအထား ခက်ခဲကြမ်းတမ်းလှသောကြောင့် နှောင်သောအခါ ကျွန်ုပ်၌ အောက်ပါအတိုင်း မကြာခဏဆန္ဒဖြစ်ပေါ်ခဲ့ရဖူးလေသည်။ ကျွန်ုပ်တို့ဌာနချုပ် သို့လာရောက်ကြသော ပုဂ္ဂိုလ်ကြီးများအား ကျွန်ုပ်တို့တပ်၏ စစ်ဆင်ရေးချီတက်မှုနှုန်းကို အကြံပြု တင်ပြသောအခါ ထိုပုဂ္ဂိုလ်ကြီးများအနက် အချို့သောပုဂ္ဂိုလ်ကြီးများက စကေးအငယ်စားမြေပုံပေါ်တွင် လက်ဖြင့်ခန့်မှန်းတိုင်းထွာကြည့်ပြီး ကျွန်ုပ်တို့တပ်၏ စစ်ဆင်ရေးချီတက်မှုနှုန်းသည် အံ့သြဖွယ်ကောင်း လောက်အောင် နှေးကွေးလှပါကလားဟု ယဉ်ကျေးသိမ်မွေ့စွာ ဟန်ပန်အမူအရာအားဖြင့် အထင်သေး တတ်ကြကြောင်း တွေ့ရဖူးလေသည်။ ၎င်းတို့၏ယူဆချက်မှာ စကေးအငယ်စားမြေပုံပေါ်အရဆိုလျှင် ဤမျှနီးပါလျက် အဘယ်ကြောင့် ဤမျှမြန်မြန်မသွားနိုင်ရကောင်းလားဟု ပြစ်တင်ဝေဖန်လိုသည့်သဘော ဖြစ်လေသည်။ ထို့ကြောင့် ဖော်ပြပါပုဂ္ဂိုလ်ကြီးမျိုးတို့အား ကျွန်ုပ်တို့ဌာနချုပ်သို့ လေယာဉ်ဖြင့် လာကြ စေမည့်အစား မြန်မာပြည်ရှိတောင်တန်းများကို ဖြတ်ကျော်လျက် ကုန်းကြောင်းခရီးဖြင့် လာရောက်ကြ စေချင်သည့်ဆန္ဒ နှောင်သောအခါ၌ ဖြစ်ပေါ်ရခြင်းဖြစ်လေသည်။

၂၂။ ယခုအချိန်၌မူ ကျွန်ုပ်တို့သည် အဆုံးအစမရှိ လွှသွားပမာချွန်ထက်နေသော တောင်ထိပ်ချွန်း များပေါ်မှ လေယာဉ်ဖြင့်ပျံသန်းနေစဉ် ထိုတောင်ထိပ်ချွန်းများအား အလွန်ထူထပ်လှစွာသော သစ်တော များဖြင့် ဖုံးအုပ်ထားသည်ကို တွေ့မြင်ကြရလေသည်။ ယင်းတောင်တန်းများသည် အလွန်ထူထဲ၍

အစိမ်းပုပ်ရောင်ရှိ ကော်ဇောကြီးအား အလိပ်လိုက်၊ အလိပ်လိုက် ချခင်းထားသကဲ့သို့ ထင်မြင်ရလေသည်။ လွန်ခဲ့သောနှစ်က ကျွန်ုပ်သည် သဲကန္တာရထဲတွင်သာ နေခဲ့ရသည့်အလျောက် သဲကန္တာရမြင်ကွင်းနှင့်သာ အကျွမ်းဝင်ခဲ့သည်။ ယခု ကျွန်ုပ်တို့လေယာဉ်သည် ရိုးမကိုကျော်၍ ဧရာဝတီမြစ်ပေါ်သို့ ပျံသန်းရောက်ရှိလာသောအခါ ကျွန်ုပ်အတွက် ကြည်နူးနှစ်သိမ့်ခြင်းဖြစ်ရလေသည်။ ဧရာဝတီမြစ်၏ ဘေးတစ်ဖက်တစ်ချက်၌ကား အတန်ငယ်ကျဉ်းမြောင်းသော သဲသောင်များဖုံးနေသည့် မြေပြန့်လွင်ပြင်ကို တွေ့မြင်ရလေသည်။

၂၃။ မကွေးမြို့သို့ရောက်ကြသောအခါ ကျွန်ုပ်တို့သည် မကွေးမြို့ရှိ လေတပ်ဗိုလ်ချုပ်နှင့် စစ်ဆင်ရေးအကြောင်း အနည်းငယ်ဆွေးနွေးကြသည်။ မကွေးမြို့ရှိ လေတပ်ဗိုလ်ချုပ်သည် ကျွန်ုပ်တို့၏စစ်ဆင်ရေးအခြေအနေကောင်းနေသေးသည်ဟု ယုံကြည်မှုရှိနေသေးသည်ကို တွေ့ရှိရလေသည်။ ကျွန်ုပ်နှင့် လေတပ်ဖွဲ့ ဗိုလ်ချုပ်မောရစ်တို့သည် မကွေးမြို့မှခရီးဆက်၍ မန္တလေးမြို့သို့ လေယာဉ်အငယ်စားဖြင့် ပျံသန်းလာခဲ့ကြသည်။ ကျွန်ုပ်တို့လေယာဉ်သည် မြို့နှင့်မိုင်အနည်းငယ်ကွာဝေးသော လယ်ကွင်းထဲရှိ လေယာဉ်ကွင်းကလေးသို့ ခဲခဲယဉ်းယဉ်းဆင်းခဲ့ရလေသည်။ ထိုလေယာဉ်ကွင်းမှာ အလွန်ကြမ်းတမ်းစွာဖောက်လုပ်ထားသောကွင်းဖြစ်သောကြောင့် ဤကဲ့သို့ ခက်ခက်ခဲခဲဆင်းသက်ရခြင်းဖြစ်လေသည်။ ထိုလေယာဉ်ကွင်းထဲ၌ ကျွန်ုပ်တို့သည် အတော်ကြာကြာပင် ထိုင်စောင့်နေရင်း ကျွန်ုပ်တို့အားလာကြိုသည့် ဂျစ်ကားတစ်စီးရောက်လာမှ ထိုဂျစ်ကားဖြင့် မြန်မာပြည်၏ နွေရာသီမြို့တော်ဖြစ်သော ပြင်ဦးလွင်သို့ ကွေ့ကာ၊ ပတ်ကာဖောက်ထားသည့် ကားလမ်းမှတက်ခဲ့ကြလေသည်။ ပြင်ဦးလွင်သည်ကား အလွန်တရာမှလှပသော မြို့ဖြစ်လေသည်။ ပြင်ဦးလွင်ရှိတိုက်အိမ်များမှာ အင်္ဂလန်ပြည်ရှိ တိုက်အိမ်များကဲ့သို့ လှပစွာတည်ဆောက်ထားပြီး အိမ်တိုင်းလိုလိုပင် ဝိုင်းခြံကျယ်ကျယ်ကြီးထဲတွင် ပန်းဥယျာဉ်များစိုက်ပျိုးထားရှိကြသည်ကို တွေ့မြင်ရလေသည်။

၂၄။ ကျွန်ုပ်တို့ ပြင်ဦးလွင်သို့ရောက်ရှိချိန်၌ မြန်မာပြည်တပ်မတော်ဌာနချုပ်သည် ရန်ကုန်မြို့မှ ဘေးအန္တရာယ်အသွယ်သွယ်ကြားထဲက ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ပြင်ဦးလွင်သို့ဝင်ရောက်လာနေချိန်ဖြစ်လေသည်။ ထိုသို့ဝင်ရောက်လာနေသော တပ်များ၏အခြေအနေကို မြင်ရခြင်းအားဖြင့် ပြီးခဲ့သည့်တိုက်ပွဲအတွေ့အကြုံကြောင့် ကျွန်ုပ်တို့တပ်အချို့မှာ အတော်ကလေးအထိနာခဲ့ပုံရကြောင်း ထင်ရှားလေသည်။ အမှန်အားဖြင့် မြန်မာပြည်တပ်မတော်ဌာနချုပ်ကို စစ်မြေပြင်၌ တိုက်ခိုက်ရေးတပ်ဖွဲ့များအားကွပ်ကဲရန် လွယ်အိတ်ရုံးသဖွယ် ရွှေ့ပြောင်းလှုပ်ရှားနိုင်သည့် စစ်ဆင်ရေးဌာနချုပ်အဖြစ် မည်သည့်အခါကမှ ဖွဲ့စည်းလေ့ကျင့်၍ လူသူလက်နက်တပ်ဆင်ပေးထားခဲ့ခြင်း မရှိဖူးပေ။ ထိုစဉ်ကရှိနေသော မြန်မာပြည်တပ်မတော်ဌာနချုပ်မှာ ငြိမ်းချမ်းချိန်၌ဖွဲ့စည်းထားသော စစ်ရုံးအငယ်စားမျိုးကလေးမျှသာဖြစ်လေသည်။ ရန်သူဂျပန်စစ်တပ်များ ရုတ်တရက်ဝင်ရောက်လာမှုကြောင့် ထိုအခြေအနေကိုရင်ဆိုင်နိုင်အောင် မြန်မာပြည်တပ်မတော်ဌာနချုပ်ကို လူ၊ လက်နက်အင်အားဖြည့်ပေးခြင်း၊ ဖွဲ့စည်းပုံတိုးချဲ့ခြင်းများအပူတပြင်းပြုလုပ်ခဲ့သော်လည်း တိုက်ပွဲစဉ်တစ်ခုကို တိုက်ရိုက်ကွပ်ကဲကြီးကြပ်နိုင်အောင် လုံလောက်ပြည့်စုံသော စစ်ဆင်ရေးဌာနချုပ်တစ်ခုဖြစ်ရန်ကား များစွာမှပင် အဘက်ဘက်ကလိုအပ်နေပေသေးသည်။ ထိုအချိန်က မြန်မာပြည်ရှိတပ်များအား ကံဆိုးရှာသူ ဒုတိယဗိုလ်ချုပ်ကြီးဟတ်တန်က ကွပ်ကဲလျက်


မြန်မာပြည်နှင့်
အိမ်နီးချင်းနိုင်ငံများ
Burma
(Myanmar)
International boundary
Division or state boundary
National capital
Division or state capital
Railroad
Road
50 100 150 Kilometers
50 100 150 Miles
Miles: 0 50 100 200 300 400
Bay of Bengal
Gulf of Thailand
gulf of Siam
Gulf of Martaban
INDIA
BANGLADESH
BHUTAN
CHINA
THAILAND
LAOS
MYANMAR
KACHIN STATE
SAGAING DIVISION
CHIN STATE
SHAN STATE
RAKHINE STATE
MAGWE DIVISION
KAYAH STATE
IRRAWADDY DIVISION
RANGOON DIVISION
MON STATE
TENASSERIM DIVISION
Rangoon
Mandalay
Myitkyina
Bhamo
Lashio
Sagaing
Monywa
Magwe
Akyab (Sittwe)
Kyaukpyu
Sandoway
Bassein
Pegu
Pyapon
Moulmein
Tavoy
Mergui
Taunggyi
Loi-kaw
Pa-an
Thaton
Henzada
Prome (Pye)
Toungoo
Pyinmana
Allanmyo
Falam
Hakha
Putao
Katha
Shwebo
Myingyan
Meiktila
Chauk
Maymyo
Namsang
Kawthuang
Victoria Point
Preparis Island (BURMA)
COCO ISLANDS (BURMA)
Narcondam Island (INDIA)
LAUNGLON BOK ISLANDS
Ramree Island
Cheduba Island
Mouths of the Irrawaddy
Dhaka
Chittagong
Cox's Bazar
Imphal
Aijal
Shillong
Sylhet
Thimphu
Kunming
Chiang Mai
Chiang Rai
Bangkok
Phitsanulok
Nakhon Sawan
Chumphon
Chanthaburi

ရှိနေလေသည်။ ဂျပန်များသည် မြန်မာပြည်တွင်းသို့ဝင်ရောက်၍ စစ်စတင်တိုက်ခိုက်လာသောအခါ အထက်တွင်ဖော်ပြထားသကဲ့သို့ ငြိမ်းချမ်းချိန် စစ်ရုံးအသွင်ဖွဲ့စည်းထားသော မြန်မာပြည်တပ်မတော် ဌာနချုပ်အား ဒုတိယဗိုလ်ချုပ်ကြီးဟတ်တန်က စစ်မြေပြင်ဌာနချုပ်သဖွယ် ကွပ်ကဲတိုက်ခိုက်ခုခံရာ၌ များစွာမှအခက်အခဲများ တွေ့ရှိရလေသည်။ ဒုတိယဗိုလ်ချုပ်ကြီးဟတ်တန်သည် စစ်ဆင်ရေးဖွဲ့စည်းမှု ဆိုင်ရာ အတတ်ပညာ၌ ထူးချွန်သောပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ အကယ်၍ ဒုတိယဗိုလ်ချုပ်ကြီးဟတ်တန် အဖို့ အချိန်အနည်းငယ်သာ ပိုမိုရရှိနိုင်ခဲ့ပါလျှင် မြန်မာပြည်တပ်မတော်ဌာနချုပ်ကို စစ်မြေပြင်တွင် ကွပ်ကဲတိုက်ခိုက်နိုင်သည့်ဌာနချုပ်အဖြစ် သင့်လျော်အောင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်မည်မှာ ယုံမှား ဖွယ်ရာမရှိပါပေ။ ယခုမူကား ထိုသို့ပြင်ဆင်ပြုပြင်ပြောင်းလဲဖွဲ့စည်းရန် လုံးဝမဖြစ်နိုင်တော့သောအချိန် အခါတွင် အချက်အချာကျသည့် စစ်ဆင်ရေးအခြေအနေနှင့် ရုတ်တရက်ချက်ချင်းဆိုသလို ရင်ဆိုင် တွေ့ကြုံလိုက်ရသည့်အတွက် အခြေမလှဖြစ်ရရှာလေသည်။ ထို့ကြောင့် မြန်မာပြည်စစ်မျက်နှာ၌ ကျွန်ုပ် တို့သည် ရန်သူထက်သာလွန်ခြင်းမရှိသော စစ်မြေပြင်ဌာနချုပ်မျိုးမရှိဘဲနှင့် စစ်ပွဲဝင်လိုက်ရခြင်းအတွက် တစ်စုံတစ်ရာ အံ့သြခံပြင်းစရာမဖြစ်သင့်ပေ။ ထိုအချိန်၌ မြန်မာပြည်သည် ဗြိတိန်ပြည်ထက် ရန်သူ ဝင်ရောက်တိုက်ခိုက်နိုင်သည့်အခြေအနေ နည်းပါးသည်ဟုယူဆခဲ့ကြလေသည်။ ထိုအချိန်ကာလက ဗြိတိန်ပြည်တွင် စစ်ရုံးတစ်ခုသာ ဖွင့်လှစ်ထားသည့်ကာလဖြစ်လေသည်။ သို့သော် အခြေအနေက အရေးတကြီးတောင်းဆိုချက်ကြောင့် သင့်လျော်သော ဌာနချုပ်တစ်ခုဖွဲ့စည်း၍ ဗြိတိန်ပြည်တပ်မတော် တပ်ဖွဲ့များအား ကွပ်ကဲအုပ်ချုပ်ရန် စစ်သေနာပတိတစ်ဦးကို ခန့်ထားခဲ့ရလေသည်။ မည်သို့ပင်ဖြစ်စေကာမူ ဒုတိယဗိုလ်ချုပ်ကြီးဟတ်တန်နှင့် ၎င်း၏တပ်ဖွဲ့များ မြန်မာပြည်၌ကြုံတွေ့ရသည့်စစ်အခြေအနေမှာ အထက်တွင်ဖော်ပြခဲ့သည့် စစ်မြေပြင်ဌာနချုပ်အဖြစ် သင့်လျော်အောင် မဖွဲ့စည်းနိုင်သောအချက်သည် များစွာသောအခက်အခဲ အကျပ်အတည်းများအနက် အချက်တစ်ချက်သာဖြစ်လေသည်။

၂၅။ ရန်သူဂျပန်စစ်တပ်များ မြန်မာပြည်သို့ဝင်ရောက်တိုက်ခိုက်ချိန်၌ ကျွန်ုပ်တို့စစ်အတွက်အသင့် မဖြစ်ခြင်းကြောင့် များစွာထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ ထိုသို့ အသင့်မဖြစ်ခြင်းမှာလည်း ကျွန်ုပ်တို့ညံ့ဖျင်း သောကြောင့် ဖြစ်ရလေသည်။ ထိုသို့ဖြစ်ရခြင်း၏ အခြေခံချို့ယွင်းချက်မှာ ထိုအချိန်ကမြန်မာပြည်တွင်း၌ ရှိကြသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာပြည်ပြင်ပ၌ရှိကြသော တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာပြည် အား ရန်သူက တိုက်ခိုက်ခြင်းခံရလိမ့်မည်ဟု မည်သူမျှမမျှော်လင့်ခဲ့ကြပေ။ ထို့ပြင် အကယ်၍မြန်မာပြည် အား ရန်သူများက ဝင်ရောက်တိုက်ခိုက်ခဲ့လျှင် လက်တွေ့ခုခံကာကွယ်ရေးအတွက်သော်လည်းကောင်း၊ ကာကွယ်ရေးပြင်ဆင်မှုများအတွက်သော်လည်းကောင်း မည်သည့်ပုဂ္ဂိုလ်တွင် တာဝန်ရှိသည်ဆိုသော ရှင်းလင်းပြတ်သားစွာ အဆက်မပြတ်သတိပေးနေသည့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရှိခဲ့ပေ။ ထိုအချက် နှစ်ချက်သည်ပင်လျှင် အခြေခံအားဖြင့် ချို့ယွင်းနေသောအချက်များဖြစ်ခဲ့လေသည်။ မြန်မာပြည်သည် ၁၉၃၇ ခုနှစ်ကတည်းကစ၍ အိန္ဒိယပြည်နှင့် နိုင်ငံရေးအားဖြင့် တသီးတခြားခွဲခြားခဲ့လေသည်။ သို့ရာတွင် မြန်မာပြည်ကာကွယ်ရေးအတွက်မူ အဘက်ဘက်က အိန္ဒိယပြည်နှင့် ကိုယ်ထိလက်ရောက် ဆက်စပ်မှု ရှိခဲ့လေသည်။ အမှန်စင်စစ်အားဖြင့် မြန်မာပြည်သည် အိန္ဒိယပြည်၏အပြင်စည်းလုံခြုံမှုအတွက် အဓိကအရေးကြီးသည့် တိုင်းပြည်ဖြစ်လေသည်။ တစ်နည်းအားဖြင့် မြန်မာပြည်လုံခြုံမှုအတွက် စစ်ကူ အင်အား အများစုရရှိရန် အိန္ဒိယပြည်ကို အားကိုးရပြီး အိန္ဒိယပြည်သည် မြန်မာပြည်အားစစ်ကူပေးရန်

အခြေခံစခန်းဖြစ်လေသည်။ အမှန်အားဖြင့်ကား မြန်မာပြည်နှင့်အိန္ဒိယပြည်နှစ်ပြည်စလုံးအတွက် အနှောင့်အယှက်အဟန့်အတားမရှိစေရဘဲ အနီးကပ်ဆုံး အမြဲမပြတ်ဆက်သွယ်နေရန် အထူးလိုအပ်ပေသည်။ ၁၉၃၇ ခုနှစ်အထိ မြန်မာပြည်သည် အိန္ဒိယပြည်၏ အစိတ်အပိုင်းတစ်ပိုင်းဖြစ်ခဲ့လေသည်။ မြန်မာပြည်၏လုံခြုံရေးသာမက အခြားနိုင်ငံရေး၊ စီးပွားရေး အစရှိသည့် အရေးအခင်းအားလုံးတို့သည် အိန္ဒိယပြည်အစိုးရ၏ အရေးကိစ္စများဖြစ်ခဲ့လေသည်။ မြန်မာပြည်အား အိန္ဒိယပြည်မှ နိုင်ငံရေးအရ ခွဲထုတ်လိုက်သည့်အချိန်ကစ၍သာလျှင် မြန်မာပြည်၏လုံခြုံရေးကို ထိုစဉ်က မြန်မာပြည်အတွင်းတွင် ရှိနေနှင့်သော စစ်တပ်အဖွဲ့အစည်းဖြင့် လုံးဝတာဝန်ယူလိုက်ရပေသည်။ ဂျာမနီပြည်နှင့် ဒုတိယကမ္ဘာစစ် စတင်ဖြစ်လိုက်သည့်အခါ၌ မြန်မာပြည်တွင် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရလေသည်။

၂၆။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလထဲ၌ မြန်မာပြည်စစ်မျက်နှာရှိ တပ်မတော်အဖွဲ့အစည်းများအား ဗြိတိသျှကာကွယ်ရေးဦးစီးချုပ်၏ စစ်ဆင်ရေးကွပ်ကဲမှုအောက်သို့ သိမ်းသွင်းလိုက်သည်။ မြန်မာပြည် စစ်မျက်နှာရှိ တပ်မတော်အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးကိစ္စရပ်များကိုမူ မြန်မာပြည် အစိုးရ၏လက်အောက်တွင်ပင် ရှိနေပေသည်။ ၁၉၄၀ ပြည့်နှစ်၊ နိုဝင်ဘာလထဲတွင် မကြာသေးမီက စင်ကာပူ၌ဖွဲ့စည်းလိုက်သော အရှေ့ဖျားဒေသစစ်ဌာနချုပ်၏ စစ်ဆင်ရေးကွပ်ကဲမှုအောက်သို့ မြန်မာပြည် စစ်မျက်နှာရှိ တပ်မတော်အဖွဲ့အစည်းများအား တစ်ဖန်လွှဲပြောင်းလိုက်လေသည်။ သို့ရာတွင် မြန်မာပြည် စစ်မျက်နှာမှ တပ်မတော်အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုတာဝန်ကိုမူ မြန်မာပြည်အစိုးရနှင့်လန်ဒန်မြို့ရှိ စစ်ရုံးတို့က ပူးတွဲ၍ တာဝန်ယူရလေသည်။ ထိုအချိန်၌ လန်ဒန်မြို့ရှိစစ်ရုံးက မြန်မာပြည်ကာကွယ်ရေး ဘတ်ဂျက်တွင် ကုန်ကျငွေတစ်စိတ်တစ်ဒေသ ပါဝင်ထည့်သွင်းပေးလျက်ရှိလေသည်။ ထိုအချိန်က စင်ကာပူနှင့် လန်ဒန်မြို့တွင် အဝေးမှာရှိနေသော မြန်မာပြည်၏လိုအင်ဆန္ဒထက် ပိုမို၍အရေးကြီးသော ကိစ္စများနှင့် ရင်ဆိုင်နေရသောအချိန်ဖြစ်လေသည်။ မြန်မာပြည်စစ်မျက်နှာရှိ တပ်မတော်အဖွဲ့အစည်း များ၏ စစ်ဆင်ရေးကွပ်ကဲမှုနှင့် အုပ်ချုပ်မှုတာဝန်များကို တစ်ပိုင်းစီခွဲခြားတာဝန်ယူခြင်းသည် လုပ်ထုံး လုပ်နည်း သာမန်ဥပဒေတစ်ရပ်ကို ချိုးဖောက်ရာကျလေသည်။ ထိုသို့ဖြစ်သောကြောင့် ယင်းကဲ့သို့ တာဝန်တစ်ပိုင်းစီခွဲယူရာ၌ ထိုသို့ခွဲယူကြသည့်ပုဂ္ဂိုလ်၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွက် အလွန် တရာမှ အကျိုးထိခိုက်နစ်နာတတ်လေသည်။ အမှန်မှာ ထိုအချိန်က စစ်မက်ဖြစ်ပွားနေချိန်ဖြစ်သဖြင့် ကိုယ့်တိုင်းပြည်ကာကွယ်ရေးအတွက် ကိုယ်တိုင်လုံးပန်းနေကြရချိန်ဖြစ်သဖြင့် မြန်မာပြည်၏ကာကွယ်ရေး ကို လန်ဒန်ကသော်လည်းကောင်း၊ စင်ကာပူကသော်လည်းကောင်း စိတ်ပါဝင်စားမှုအလျှင်းမရှိကြသည် မှာ အထူးပင်ထင်ရှားနေပါသည်။

၂၇။ ထိုအချိန်က မြန်မာပြည်တွင်းရှိ ဗိုလ်ချုပ်ကြီးများနှင့် အိန္ဒိယပြည်ရှိ စစ်သေနာပတိချုပ် အဆက်ဆက်တို့ကလည်း မြန်မာပြည်စစ်မျက်နှာရှိ တပ်မတော်၏စစ်ဆင်ရေးကွပ်ကဲမှုကို အိန္ဒိယပြည် သို့ပေးအပ်ရန် အတင်းအကျပ်တောင်းဆိုနေကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် တစ်နှစ် ကျော်ကျော်ကလေးကြာသောအခါ ဂျပန်များက မြန်မာပြည်အားဝင်ရောက်တိုက်ခိုက်အံ့မူးမူး အချိန် အခါကျတော့မှ မြန်မာပြည်စစ်မျက်နှာရှိ တပ်မတော်၏စစ်ဆင်ရေးကွပ်ကဲမှုနှင့် အုပ်ချုပ်ရေးကွပ်ကဲမှုကိုပါ အိန္ဒိယပြည်သို့လွှဲအပ်လိုက်လေသည်။ သို့ရာတွင် သိပ်မကြာလှပါချေ။ ယင်းလ ၁၀ ရက်၌ ဂျပန်တပ်

များက မြန်မာပြည်တွင်းသို့ အမှန်တကယ်ပင် တိုက်စစ်စတင်ဆင်နွှဲလာပါတော့သည်။ ထိုအခါ မြန်မာပြည်ရှိ ဗိုလ်ချုပ်ကြီးများနှင့် အိန္ဒိယမှ စစ်သေနာပတိချုပ်တို့က ကန့်ကွက်ပြောဆိုနေသည့်ကြားမှပင် မြန်မာပြည်စစ်မျက်နှာရှိ တပ်မတော်၏စစ်ဆင်ရေးကွပ်ကဲမှုကို ဌာနချုပ်အသစ်တစ်ခု၏လက်အောက်သို့ လွှဲပြောင်းပေးခဲ့ပြန်သည်။ ထိုဌာနချုပ်အသစ်မှာ အနောက်တောင်ပစိဖိတ် စစ်ဘက်ကွပ်ကဲမှုဌာနချုပ်ဖြစ်ပြီး ၎င်းကွပ်ကဲမှုဌာနချုပ်အောက်တွင် အမေရိကန်တပ်များ၊ ဗြိတိသျှတပ်များ၊ ဒတ်ချ်တပ်များနှင့် ဩစတြေးလျတပ်များဟူ၍ လေးနိုင်ငံမှတပ်များပါဝင်ဖွဲ့စည်းထားသည်။ ယင်းကွပ်ကဲမှုဌာနချုပ်လက်အောက်တွင် မြန်မာပြည်စစ်မျက်နှာရှိတပ်များကို ဂျာဗားကျွန်းရှိ စစ်ဌာနချုပ်က စစ်ဆင်ရေးအရ ကွပ်ကဲမည်ဖြစ်သည်။ အုပ်ချုပ်မှုကို နယူးဒေလီမြို့ရှိ အိန္ဒိယစစ်သေနာပတိချုပ်၏ဌာနချုပ်က တာဝန်ဆက်ယူမည်ဖြစ်လေသည်။ ဂျပန်စစ်တပ်များက ဒတ်ချ်ပိုင် အရှေ့အိန္ဒိယကျွန်းများသို့ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီးလျှင်ပြီးချင်းဆိုသလိုပင် အနောက်တောင်ပစိဖိတ်စစ်ဘက်ကွပ်ကဲမှုဌာနချုပ်မှာ လျင်မြန်စွာပြိုကွဲသွားလေတော့သည်။ ထိုအချိန်အခါတွင် မြန်မာပြည်စစ်မျက်နှာရှိတပ်များ၏ စစ်ဆင်ရေးကွပ်ကဲမှုသည် အိန္ဒိယစစ်သေနာပတိချုပ်လက်အောက် ပြန်ရောက်ခဲ့ရပြန်လေသည်။ ဤသည်ပင်လျှင် မြန်မာပြည်ကာကွယ်ရေးတာဝန်ကို အလွန်အရေးကြီးသည့် ၁၆ လအချိန်ကာလအတွင်း အထက်ဌာနချုပ် ၅ ခုတို့မှ တသီးတခြားစီ အလှည့်ကျတာဝန်ယူခဲ့ကြပုံဖြစ်ပေသည်။ ထိုအချိန်ကာလအတောအတွင်း စစ်ဆင်ရေးကွပ်ကဲမှုတာဝန်နှင့် အုပ်ချုပ်မှုတာဝန်တို့မှာ တသီးတခြားလုံးဝကွဲပြားလျက်ရှိကြောင်း သတိပြုကြရမည်ဖြစ်သည်။ ဖော်ပြပါအတိုင်း ပြောင်းလဲကွဲပြားလျက်ရှိကြောင်း သတိပြုကြရမည်ဖြစ်သည်။ ဖော်ပြပါအတိုင်း ပြောင်းလဲကွဲပြားချက်များကြောင့် စစ်ဆင်ရေးလုပ်ငန်းတာဝန်များတွင် နှောင့်နှေးကြန့်ကြာမှု၊ စိတ်ပါဝင်စားခြင်းမရှိဘဲ လျစ်လျူရှုမှု၊ ရှုပ်ထွေးမှု၊ မြန်မာပြည်စစ်မျက်နှာရှိ အခက်အခဲအကျပ်အတည်းများအပေါ် ကြည်ကြည်လင်လင် မှန်မှန်ကန်ကန် မြင်နိုင်စွမ်းမရှိဘဲ အထင်လွဲမှားမှုစသည်တို့သည် မလွဲတမ်းဖြစ်ပေါ်နိုင်ကြောင်း သိမြင်နိုင်ပေသည်။ ထိုအကြောင်းအချက်များသည်ပင်လည်း အိန္ဒိယပြည်နှင့်မြန်မာပြည် နှစ်ပြည်ထောင် ကုန်းလမ်းခရီးဆက်သွယ်ဖောက်လုပ်နေခြင်းအတွက် လုံးဝလိုပင် တိုးတက်မှုမရှိဖြစ်ရပေသည်။ ထို့ကြောင့် ဂျပန်စစ်တပ်များက မြန်မာပြည်သို့ ဝင်တိုက်လိုက်သည့်အချိန်၌ မြန်မာပြည်နှင့်အိန္ဒိယပြည်တို့သည် ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်ခြင်း မရှိတော့ပေ။

၂၈။ အထက်ပါအခက်အခဲတို့အပြင် အမြဲတမ်းဖြစ်လေ့ဖြစ်ထရှိသည့် တပ်အင်အားနည်းပါးလှသည့် အခက်အခဲနှင့် ပစ္စည်းအသုံးအဆောင်မရှိရှားပါးလှသည့်အခက်အခဲကလည်း မလွှဲမရှောင်သာရင်ဆိုင်နေကြရသည်။ အခြားတပ်ရင်းတပ်ဖွဲ့တို့မှ အလျင်အမြန်အပူတပြင်း စုစည်းဖွဲ့စည်းလိုက်သည့် တပ်မဟာများပါဝင်သော အမှတ်(၁၇)အိန္ဒိယတပ်မအသစ်သည် လေ့ကျင့်ပြီး၍ စစ်လက်နက်ပစ္စည်းတပ်ဆင်ပေးပြီး မြန်မာပြည်သို့ရောက်ရှိလာလေသည်။ ၎င်းတပ်မကို အခြားအိန္ဒိယတပ်မများနည်းတူ အရှေ့အလယ်ပိုင်းဒေသတွင် သဲကန္တာရစစ်ဆင်ရေးကို လေ့ကျင့်ပေးခဲ့သည်။ ယင်းတပ်မ၏ပို့ဆောင်ရေးမှာ ယာဉ်တင်ပို့ဆောင်ရေးဖြစ်သည်။ ထို့ကြောင့် အမှတ်(၁၇)အိန္ဒိယတပ်မသည် မိတ္ထီလာလွင်ပြင်ကဲ့သို့ ကွင်းပြောင်မြေအနေအထားမျိုးမှတစ်ပါး အခြားနယ်မြေဒေသတို့တွင် ကားလမ်းမှ ခပ်ဝေးဝေးဖယ်ခွာ၍ စစ်ဆင်တိုက်ခိုက်နိုင်မှု အခွင့်အလမ်းနည်းပါးလှလေသည်။ မြန်မာပြည်၌ ကားလမ်းအနည်းငယ်သာရှိလေသည်။

နောက်တပ်မတစ်ခုမှာ အမှတ်(၁)မြန်မာတပ်မဖြစ်သည်။ မြန်မာတပ်မတွင် မြန်မာတိုင်းရင်းသားလူမျိုးအများဆုံးပါဝင်ဖွဲ့စည်းထားသည်။ သို့သော် မည်သည့်တိုက်ပွဲတွင်မှ မစမ်းသပ်ရသေးသောတပ်မဖြစ်ပြီး များစွာသောရဲဘော်သစ်များအား နောက်ဆုံးအချိန်ကျမှကပ်၍ တပ်မတော်ထဲသွင်းကာ ဖြစ်သလိုဖွဲ့စည်းထားရသောတပ်မဖြစ်သဖြင့် အစဉ်အလာရှိသော တပ်မတော့မဟုတ်ပါပေ။ အမှတ်(၁၇)အိန္ဒိယတပ်မနှင့် အမှတ်(၁)မြန်မာတပ်မနှစ်ခုစလုံးမှာ တိုက်ပွဲအတွေ့အကြုံမရှိကြသေးပေ။ ယင်းတပ်မနှစ်ခုစလုံးကို ခွဲဝေပေးသည့် အမြောက်တပ်အကူမှာ သာမန်တပ်မများသို့ပေးရသည့် အမြောက်တပ်အကူထက် များစွာမှ လျော့နည်းသည်။ ထို့ပြင် ယင်းတပ်မနှစ်ခုရရှိသည့် အမြောက်တပ်များမှာလည်း ခေတ်မမီတော့ဘဲ ရှေးကျသည့်အမြောက်များနှင့်ဖွဲ့စည်းထားသော တပ်များသာလျှင်ဖြစ်ချေသည်။ ဥပမာအားဖြင့် တင့်ကားပစ်အမြောက်တပ်ခွဲကို ဩစတြီးယားနိုင်ငံလုပ် ၇၇ မီလီမီတာအမြောက်များဖြင့် တပ်ဆင်ထားသည်။ ယင်းအမြောက်များမှာ ပထမကမ္ဘာစစ်အတွင်း ၁၉၁၈ ခုနှစ်က ရှေးဦးစွာ အီတလီတပ်များက သိမ်းပိုက်ရရှိပြီးနောက်တော့ ကျွန်ုပ်တို့တပ်များက နှစ်ပေါင်း ၂၂ နှစ်ကြာသောအခါ အီတလီတို့ထံမှရခဲ့သော အမြောက်များဖြစ်သည်။ ထို့ကြောင့် ယင်းအမြောက်များမှာ ပြတိုက်မှာသာထားရန် သင့်တော်သည်မှန်သော်လည်း မရှိ၍ထုတ်သုံးရခြင်းဖြစ်သည်။ ယင်းအမြောက်များတွင် ချိန်ခွက်မပါပေ။ ခဲယမ်းမှာလည်း တစ်လက်လျှင် စုစုပေါင်းမှ အမြောက်ကျည် ၁၂၀ ရရှိလေသည်။ မြန်မာပြည်အတွက် စစ်အင်အားဖြည့်တင်းမှုကို အင်္ဂလန်ရှိတပ်များနှင့် အာဖရိကရှိတပ်များဖြင့် ဖြည့်တင်းပေးရန် သက်ဆိုင်ရာတို့က ကြိုတင်၍ကတိပေးပြီးဖြစ်သည်။ သို့ရာတွင် တကယ်တမ်းအရေးကြီးလာသောအခါ စင်ကာပူခံတပ်မကျစေရန်အတွက် မြန်မာပြည်သို့စေလွှတ်မည့်စစ်ကူတပ်များအား နောက်ဆုံးအချိန်တွင် စင်ကာပူသို့ စေလွှတ်လိုက်သည်။ အလားတူပင် မြန်မာပြည်သို့စေလွှတ်မည့် ဩစတြေးလီးယန်းတပ်မများကိုလည်း ဂျပန်တပ်မတော်၏ကြီးမားလှသော ရေတပ်အင်အားခြိမ်းခြောက်မှုကြောင့် သီဟိုဠ်ပြည်သို့ စေလွှတ်လိုက်လေသည်။ ဖော်ပြပါအကြောင်းအချက်များကြောင့် ဂျပန်စစ်တပ်များက ပထမဦးဆုံးထိုးစစ်ဆင်တိုက်ခိုက်လာသည့်အခါ တစ်ဖက်က အဘက်ဘက်မှချို့ယွင်းအားနည်းနေသည့် ဗြိတိသျှတို့၏ အိန္ဒိယတပ်မနှင့် မြန်မာတပ်မနှစ်ခုသည် အလွန်တရာအင်အားသေးငယ်သော ဗြိတိသျှ–အမေရိကန် လေတပ်ဖွဲ့အကူအညီဖြင့် အခြားတစ်ဖက်က အလွန်တရာလေကြောင်းအင်အားကြီးမားပြီး တောတွင်းစစ်ဆင်ရေး၌ ကျွမ်းကျင်လှ၍ ပစ္စည်းအသုံးအဆောင် ပြည့်ပြည့်စုံစုံဖြင့် တိုက်ပွဲမျိုးစုံတိုက်ခိုက်ခဲ့ဖူးသော ဂျပန်စစ်တပ်ကို ရင်ဆိုင်တိုက်ခိုက်ရသည့်အဖြစ်သို့ ဖွတ်နှစ်ဝင်ခဲ့ရလေသည်။

၂၉။ မြန်မာပြည်၏ ပထဝီအနေအထားအားဖြင့် ကျွန်ုပ်တို့၏အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ရန်ကုန်–မန္တလေးမီးရထားလမ်းသည် တောင်မှမြောက်သို့ပြေးနေရာ ထိုင်းနိုင်ငံနယ်နိမိတ်နှင့် နီးကပ်နေပြီး မျဉ်းပြိုင်ဖြစ်နေသည်။ ထိုသို့ဖြစ်ခြင်းကြောင့် တိုက်ပွဲစဖြစ်ပြီဆိုကတည်းကပင် ကျွန်ုပ်တို့၏ အဓိကဆက်သွယ်ရေးလမ်းကြောင်း ရန်ကုန်–မန္တလေး မီးရထားလမ်းကို အရှေ့ဘက်မှနေ၍ ထိုင်းနိုင်ငံတွင်းမှ ရန်သူက နေရာတိုင်းလိုလိုကိုပင် တိုက်ခိုက်နိုင်သည့် အခွင့်အလမ်းရှိနေသဖြင့် ကျွန်ုပ်တို့အဖို့ တစ်ပန်းရှုံးနေသည်။ မြန်မာပြည်၏ မူလခံစစ်စီမံချက်တွင် ဂျပန်တပ်များက တောင်ပိုင်းရှမ်းပြည်ရှိ ကျိုင်းတုံမှတစ်ဆင့် အလွယ်တကူထိခိုက်အောင် တိုက်ခိုက်နိုင်သောကြောင့် ရန်ကုန်–မန္တလေး မီးရထားလမ်းမကြီးအား တိုက်ရိုက်ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟု မျှော်လင့်ထားသည်။ ထိုအကြောင်းကြောင့်

ဂျွန်ပ်တို့၏မြန်မာတပ်မမှ တပ်ဖွဲ့အများအပြားကို တောင်ပိုင်းရှမ်းပြည်တွင်း၌ အမြောက်အမြားဖြန့်၍ ထားခဲ့ရလေသည်။ ပထဝီအနေအထားအရပင် မြန်မာပြည်၏ တနင်္သာရီကမ်းရိုးတန်းသည် တောင်ဘက်သို့ မိုင် ၄၀၀ ခန့် ဆန့်ဆင်းသွားပြီး ဘေးနံအကျယ်အားဖြင့် ပျမ်းမျှ မိုင် ၄၀ ခန့်ရှိလေသည်။ ယင်းကမ်းရိုးတန်းသည် မြန်မာပြည်၏အမြီးသဖွယ်ဖြစ်နေပေတော့သည်။ ဆိုခဲ့ပြီးသည့်အတိုင်း ပထဝီအနေအထားအရ မြန်မာပြည်သည် တောင်နှင့်မြောက် အလျားရှည်လွန်းသဖြင့် ဂျွန်ပ်တို့၏တပ်များကို မြန်မာပြည်ကာကွယ်ရေးအတွက် နေရာယူရသောအခါ၌ လွန်မင်းစွာဝေးကွာလှသည့် ဒေသများတွင် ဖြန့်ကြဲ၍ နေရာယူထားရခြင်းဖြစ်ပေသည်။ ထိုအချိန် ဂျပန်တပ်များက မြန်မာပြည်ကို စတင်တိုက်ခိုက်စဉ်အခါ တပ်အင်အားအခြေအနေအရ တနင်္သာရီကမ်းရိုးတန်းကို လက်လွှတ်ထားရန် ပို၍ကောင်းပေမည်။ သို့ရာတွင် ယင်းဒေသအတွင်းရှိ လေယာဉ်ကွင်းများမှာ အောက်ပါအကြောင်းအချက်နှစ်ချက်ကြောင့် စစ်ရေးအရ အရေးကြီးနေပေသည်–

(က) ပထမအချက်မှာ ယင်းဒေသရှိ လေယာဉ်ကွင်းများကို စင်ကာပူနှင့် ဒတ်ချ်အရှေ့အိန္ဒိယကျွန်းစုတို့သို့ စစ်ရေးအရသွားရန်အတွက် လေကြောင်းလမ်းဖြစ်နေခြင်း။

(ခ) ဒုတိယအချက်မှာ အကယ်၍ ယင်းဒေသရှိလေယာဉ်ကွင်းများအား ရန်သူကသိမ်းပိုက်မိပါက မြို့တော်ရန်ကုန်အတွက် အကြီးအကျယ်ဆုံးသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေခြင်း။

ဖော်ပြပါအချက်နှစ်ချက်ကြောင့် တနင်္သာရီကမ်းရိုးတန်းဒေသကို တပ်အင်အားအနည်းငယ်ဖြင့် ဖြန့်ကြဲ၍ ထိန်းသိမ်းထားရလေသည်။

၂၀။ ဂျပန်တပ်၏ အဓိကတိုက်ခိုက်မှုသည် ဂျွန်ပ်တို့မျှော်လင့်ခဲ့သော ရှမ်းပြည်နယ်အတွင်းမှမဟုတ်ဘဲ တနင်္သာရီကမ်းရိုးတန်းမှတစ်ဆင့် ကော့ကရိတ်တောင်ကြားလမ်းမှဖြတ်ကာ မော်လမြိုင်မြို့သို့တက်ရောက်သိမ်းပိုက်လိုက်လေသည်။ ထိုစဉ်အချိန်က ထိုင်းနိုင်ငံသည် မည်သည့်စစ်အုပ်စုတွင်မျှမပါဝင်ဘဲ ကြားနေနိုင်ငံဖြစ်နေသည်။ ထိုသို့ကြားနေမှုကိုထိပါး၍ ထိုင်းနိုင်ငံအစိုးရ၏ ငြိုငြင်မှုရှိမည်ကိုစိုးရိမ်ပြီး ဂျွန်ပ်တို့သည် ယင်းနိုင်ငံအတွင်းသို့ ထောက်လှမ်းရေးအဖွဲ့အစည်းများ သူလျှိုများထားရှိခြင်း မပြုခဲ့ပေ။ ထိုသို့မထားခြင်းကြောင့် ဂျပန်တပ်များ၏လှုပ်ရှားမှုအကြောင်း လုံးဝပင်လျှင်မသိရတော့ပေ။ ကော့ကရိတ်တောင်ကြားတွင် တပ်စွဲထားသော ဂျွန်ပ်တို့၏တပ်ဖွဲ့ကလေးကို ဂျပန်တပ်များက ထိုးဖောက်တိုက်ခိုက်ပြီးတောင်ဘက်မှချီတက်လာသော ရန်သူတပ်များက မော်လမြိုင်မြို့ကို သိမ်းပိုက်လိုက်လေသည်။ ထို့ကြောင့် အမှတ်(၁၇)တပ်မ၏ အဓိကတပ်ဖွဲ့များသည် မော်လမြိုင်မြို့ကိုလက်လွှတ်လိုက်ရပြီး မြောက်ဘက်ရှိ ဘီးလင်းမြို့သို့ ဆုတ်ပေးလိုက်ရလေသည်။ ဘီးလင်းတွင် အမှတ်(၁၇)တပ်မသည် မိမိထက်အင်အားအဆမတန်များပြားလှသော ရန်သူတပ်များကို ရဲဝံ့စွာယှဉ်ပြိုင်ခုခံတိုက်ခိုက်ခဲ့လေသည်။ သို့သော် ရန်သူတပ်များက ဝိုင်းဝန်းပိတ်ဆို့ရန် ခြိမ်းခြောက်လာသဖြင့် ဆက်လက်၍မခုခံနိုင်တော့ဘဲ နောက်သို့တစ်ဖန်ဆုတ်ခွာခဲ့ရပြန်လေသည်။ တစ်ချိန်တည်း၌ပင် တနင်္သာရီကမ်းရိုးတန်းရှိ တပ်ဖွဲ့ကလေးများအား ရန်သူက ကြည်းကြောင်း၊ လေကြောင်းမှ တိုက်ခိုက်ခြင်းခံရသဖြင့် ပင်လယ်ခရီးဖြင့်ဆုတ်ခွာပေးရသည်။ ထို့နောက် ဖေဖော်ဝါရီလ ၂၂ ရက်နှင့် ၂၃ ရက်များတွင် စစ်တောင်းတံတားတိုက်ပွဲ၌ ဂျွန်ပ်တို့တပ် အများအပြား ပျက်စီးဆုံးရှုံးရသည့်ကိစ္စ ဖြစ်ပေါ်ခဲ့လေသည်။ အမှတ်(၁၇)တပ်မသည် မုတ္တမ–စစ်တောင်း မော်တော်ကားလမ်းအတိုင်း စစ်တောင်းမြစ်သို့ မော်တော်ယာဉ်များဖြင့်ဆုတ်ခွာလာခဲ့ကြသည်။ ယာဉ်ဖြင့်ဆုတ်ခဲ့ရသဖြင့်

ကားလမ်းတစ်လျှောက်အတိုင်းသာပင် ဆုတ်ခွာခဲ့ရပြီး ကားလမ်း၏ ဝဲယာတစ်ဖက်တစ်ချက် တောတွင်းသို့ ကင်းထောက်ခြင်းမပြုနိုင်ခဲ့ပေ။ ထိုသို့ဆုတ်ခွာလာရာ ရှေ့ဆုံးတပ်မဟာက စစ်တောင်းမြစ်မီးရထားတံတားကို ဖြတ်ကျော်နေခိုက် အလွန်အင်အားကြီးမားလှသော ရန်သူဂျပန်တပ်ဖွဲ့ကြီးတစ်ဖွဲ့သည် ဘေးမှပန်းတက်လျက် ရှေ့ဆုံးတပ်မဟာနှင့် နောက်တွင်ကျန်နေသေးသည့်တပ်မအကြားကားလမ်းကို ဖြတ်၍ခံတိုက်နေသည်ကို တွေ့ကြရလေသည်။ စစ်တောင်းမြစ်အရှေ့ဘက်တွင်ကျန်ရှိနေသော တပ်မဟာနှစ်ခုသည် မိမိတို့၏တပ်မဟာတစ်ခုထိန်းသိမ်းထားရှိသည့် စစ်တောင်းမီးရထားတံတားသို့ ရဲရဲဝံ့ဝံ့သက်စွန့်ဆံဖျား ရန်သူကိုထိုးဖောက်တိုက်ခိုက်ကြလေသည်။ စစ်တောင်းမြစ်သည် ကိုက် ၆၀၀ အကျယ်ရှိလေသည်။ ကျွန်ုပ်တို့တပ်များက ရန်သူကိုထိုးဖောက်ထွက်နိုင်မှ မော်တော်ယာဉ်များဖြင့် စစ်တောင်းမြစ်မီးရထားတံတားကိုဖြတ်ကျော်နိုင်လိမ့်မည်ဖြစ်ပေသည်။ ထိုအချိန်တွင်ပင် ကြေကွဲဝမ်းနည်းတသစရာကောင်းလှသည့် စစ်တောင်းတံတားတိုက်ပွဲဖြစ်ရပ်ဆိုးစဖြစ်ရတော့လေသည်။ ထိုည၌ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် တပ်စွဲထားသော တံတားစောင့်တပ်ဖွဲ့ကလေးက တံတားကို ဆက်လက်၍ထိန်းသိမ်းခုခံထားခြင်းငှာ မတတ်နိုင်တော့ကြောင်းနှင့် ဂျပန်တပ်များသည်လည်း တံတားပေါ်သို့ပင် ရောက်လုမတတ်အခြေအနေရှိနေပြီဖြစ်ကြောင်း တပ်မမှူးအား ညတွင်းချင်းပင်နှိုး၍ သတင်းပို့လေသည်။ ဤသည်တွင် တပ်မမှူးသည် အချက်နှစ်ချက်စဉ်းစားချိန်ဆ၍ အဆုံးအဖြတ်ချမှတ်ရန် အရေးကြီးလာသည်။ ပထမအချက်မှာ တံတားကို ရန်သူ့လက်တွင်းသို့ အကောင်းပကတိအတိုင်းအကျခံပြီး ရန်သူသည် မြို့တော်ရန်ကုန်သို့တောက်လျှောက်ဆက်လက်ချီတက်၍ သိမ်းပိုက်ခြင်းကိုခံမည်လား၊ အခြားတစ်ချက်မှာ ထိုသို့မှမဟုတ်လျှင် တံတားကိုဖောက်ခွဲဖျက်ဆီးပစ်လိုက်ပြီး မိမိတပ်မ၏ သုံးပုံနှစ်ပုံခန့်မျှသော စစ်သည်ရဲဘော်များအား စစ်တောင်းမြစ်၏အရှေ့ဘက်တွင် မြစ်ခြားလျက်ကျန်ရစ်စေပြီး ရန်သူဂျပန်တပ်များနှင့် မြို့တော်ရန်ကုန်ကြားထဲတွင် စစ်တောင်းမြစ်ကိုအတားအဆီးအဖြစ် ထားရှိစေမည်လားဟုဖြစ်သည်။ ထိုအချက်နှစ်ချက်ကို ချင့်ချိန်စဉ်းစားပြီး တပ်မမှူးသည် တံတားကိုဖောက်ခွဲဖျက်ဆီးပစ်လိုက်ရန် အမိန့်ပေးလိုက်လေတော့သည်။ အမိန့်အတိုင်းပင် တံတားစောင့်တပ်ဖွဲ့သည် အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ဆုတ်ခွာပြီး တံတားကိုဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြလေသည်။ ဤနေရာတွင် အလျဉ်းသင့်၍ ဆွေးနွေးရန်အချက်ရှိလေသည်။ တပ်မမှူး၏ဆုံးဖြတ်ချက်ကို ဝေဖန်ရန်မှာ လွယ်ကူလှပေသည်။ သို့ရာတွင် ဤကဲ့သို့ အကျဉ်းအကျပ်အခြေအနေမျိုး၌ ယင်းကဲ့သို့သောဆုံးဖြတ်ချက်မျိုး ချမှတ်ပေးရခြင်းမှာ မလွယ်ကူလှပေ။ အမှတ်(၁၇)တပ်မမှူးကဲ့သို့ အကျဉ်းအကျပ်အခြေအနေမျိုးနှင့်ရင်ဆိုင်တွေ့ကြုံစဉ် အလားတူဆုံးဖြတ်ချက်များကို နည်းလမ်းအမျိုးမျိုးတို့မှ အချိန်နာရီမဆိုင်းဘဲ ရတ်တရက်ချက်ချင်းရွေးချယ်၍ ရက်စက်ကြမ်းကြုတ်သော အဆုံးအဖြတ်ပေးလိုက်ရခြင်းမျိုးမှာ စစ်ပွဲတွင် တပ်မှူးတစ်ဦးအတွက် ဆုံးဖြတ်ချက်ချမှတ်ပေးရသည့်တာဝန်သည် မည်မျှကြီးလေးကြောင်း သိနားလည်နိုင်ပေမည်။

၃၁။ တံတားဖောက်ခွဲလိုက်သည့်အတွက် ပေါ်ထွက်လာသည့် ပေါက်ကွဲသံကြီးသည် တိုက်ပွဲကို ရတ်တရက် ချက်ချင်း ခေတ္တခဏမျှ ငြိမ်သက်သွားစေရန်အတွက် အချက်ပေးလိုက်သကဲ့သို့ ဖြစ်သွားရလေသည်။ ဤပေါက်ကွဲသံကြီးသည် ဘာကြောင့်ထွက်ပေါ်လာသည်ကို နှစ်ဖက်စလုံးမှ သိရှိနားလည်လိုက်ကြပေသည်။ ဂျပန်တပ်ဘက်က ၎င်းတို့ မည်မျှပင်ရက်ရက်စက်စက်၊ သဲသဲမဲမဲတိုက်သော်လည်း တံတားကိုအကောင်းပကတိအတိုင်း လက်ဝယ်ရရှိအောင် မတိုက်ခိုက်နိုင်ကြောင်း နားလည်ကြသည်။

ဗြိတိသျှတပ်များကမူ ၎င်းတို့သည် အရိုးကြေကြေ၊ အရေခန်းခန်း သက်စွန့်ကြိုးပမ်း ခက်ခက်ခဲခဲ တိုက်ရမည့်အခြေအနေရောက်ပြီဖြစ်ကြောင်း သဘောပေါက်နားလည်ကြသည်။ ထို့ကြောင့် အမှတ်(၁၇) တပ်မမှရဲဘော်တို့သည် နောက်ဆုံးအကြိမ်ကြိုးပမ်းခြင်းဖြင့် စစ်တောင်းမြစ်ကမ်းသို့ ဖောက်ထွက်လာခဲ့နိုင်ကြသည်။ စစ်တောင်းမြစ်ကမ်းသို့ရောက်ကြသောအခါ ကျိုးကျပျက်စီးနေသော စစ်တောင်းတံတားကို ဝမ်းနည်းချောက်ချားဖွယ်ရာ တွေ့မြင်ကြရလေသည်။ ၎င်းတို့၏ ချိန်းယာဉ်၊ ဘီးယာဉ်များနှင့် အမြောက်ကြီးများကို စစ်တောင်းမြစ်၏တစ်ဖက်ကမ်းသို့ဖြတ်ကျော်၍ သယ်ဆောင်သွားရန် မဖြစ်နိုင်တော့ကြောင်း သိကြသည်။ ထို့ကြောင့် ယာဉ်မျိုးစုံနှင့်အမြောက်ကြီးများကို အတတ်နိုင်ဆုံး ဖျက်ဆီးပစ်ကြပြီးလျှင် ရဲဘော်နှင့်အရာရှိများသည် တစ်ဦးချင်း၊ သို့မဟုတ် အဖွဲ့ငယ်များဖြင့် မြစ်ကမ်းသို့ အဝတ်အစား၊ လက်နက်အသုံးအဆောင်တို့ကိုစွန့်ပစ်၍ ရေထဲဆင်းပြီး တစ်ဖက်ကမ်းသို့ကူးကြလေသည်။ ရဲဘော်အချို့သာလျှင် အရေးပေါ်ဖောင်များဖွဲ့၍လည်းကောင်း၊ ဓာတ်ဆီထည့်သည့်ပုံးကြီးများကို ဖောက်လုပ်၍လည်းကောင်း၊ တစ်ဖက်ကမ်းသို့ မိမိတို့လက်နက်များနှင့်အတူ ကူးသွားနိုင်ကြသည်။ ရဲဘော်အများစုမှာ ဝါးလုံးကိုဖက်၍ တစ်ဖက်ကမ်းသို့ ကူးခပ်သွားကြရသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် မိမိလက်နက်များကို မိမိနှင့် တစ်ပါတည်းပါအောင် တစ်ဖက်ကမ်းသို့အရောက်ကူးရန်မှာ မဖြစ်နိုင်သည့်အခြေအနေဖြစ်ပေသည်။ ရေနစ်သေဆုံးကြသော ရဲဘော်များမှာလည်း မရေမတွက်နိုင်အောင်ပင်ဖြစ်သည်။ အချို့ရဲဘော်များမှာ တစ်ဖက်ကမ်းသို့ကူးနေစဉ် ရန်သူအပစ်ခံရ၍ ရေထဲတွင် သေဆုံးကြရသည်။ ဖေဖော်ဝါရီလ ၂၄ ရက်၊ နေ့လယ်အချိန်တွင် ရန်သူက ဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်ခြင်းခံရသည့် တပ်ရင်း ၈ ရင်းအနက်မှ အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့ အသက်မသေဘဲ ရောက်ရှိလာသူဦးရေ၊ အရာရှိ၊ ရဲဘော် စုစုပေါင်းမှာ ၂၀၀၀ ပင်မပြည့်တော့ပေ။ ၎င်းတို့နှင့်အတူ ရိုင်ဖယ်သေနတ် ၅၅၀၊ ဘရင်းစက်ကလေး ၁၀ လက်၊ တော်မီစက်သေနတ် ၁၂ လက်သာ ပါလေတော့သည်။ ရဲဘော်အားလုံးနီးပါးမှာ ဖိနပ်မပါကြတော့ပေ။ ရဲဘော်အများစုမှာလည်း ဘောင်းဘီ၊ အင်္ကျီမျှပင် မပါလာတော့ဘဲ အတွင်းခံဘောင်းဘီဖြင့်သာ အနောက်ဘက်ကမ်းသို့ ရောက်လာကြလေတော့သည်။

၃၂။ ဤတိုက်ပွဲသည် ကျွန်ုပ်တို့၏ ပထမတိုက်ပွဲစဉ်၏အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးလိုက်သော တိုက်ပွဲပင်ဖြစ်လေတော့သည်။ စစ်တောင်းတိုက်ပွဲပြီးသွားသည့်နောက် မည်မျှပင် ကျွန်ုပ်တို့တပ်များက ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တိုက်ခိုက်စေကာမူ ရန်ကုန်မြို့ကိုထိန်းသိမ်းထားရန် မျှော်လင့်ချက်မရှိတော့ပေ။ ရန်ကုန်မြို့သည် မတ်လ ၉ ရက်တွင် ရန်သူ့လက်သို့ကျသွားလေသည်။ ရန်ကုန်မြို့ကျသည်နှင့် မြန်မာပြည်ရှိ ကျွန်ုပ်တို့တပ်မတော်တစ်ခုလုံးသည် တစ်ကမ္ဘာလုံးနှင့် အဆက်အသွယ်ပြတ်သွားခြင်းပင်ဖြစ်လေသည်။ ထိုကဲ့သို့ အဆက်ပြတ်သွားခြင်းမှာ အမှတ်(၁၇)တပ်မမှ တပ်မဟာနှစ်ခု စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် နောက်ပိုင်းနှင့်အဆက်ပြတ်သကဲ့သို့ပင် ထိခိုက်လှပေသည်။

၃၃။ ထို့ကြောင့် ကျွန်ုပ် ပထမဦးဆုံးအကြိမ် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးနှင့် ပြင်ဦးလွင်၌တွေ့စဉ်က ဗိုလ်ချုပ်ကြီးသည် စိတ်တည်ငြိမ်သမျှတည်ငြိမ်အောင် ကြိုးစားထားသော်ငြားလည်း ထိုစဉ်ကတည်းက မြန်မာပြည်၏စစ်အခြေအနေကို စိုးရိမ်ပူပန်နေကြောင်း ထင်ရှားစွာသိသာရခြင်းဖြစ်လေသည်။ ထိုအချိန်က ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးသည် ရန်ကုန်မှပြင်ဦးလွင်သို့ ကံကောင်းထောက်မသဖြင့်သာ ရောက်ရှိ

လာရခြင်းဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးအား မြန်မာပြည်စစ်သေနာပတိချုပ်တာဝန်လွှဲအပ်ပေးပြီး ယခုဗိုလ်ချုပ်ကြီး၏ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဗိုလ်ချုပ်ဟတ်တန်သည် အခြေအနေဆိုးဖြစ်အောင် ခြိမ်းခြောက်နေသည့် အခက်အခဲ၊ အရှုပ်အထွေးများကို ပြေလည်အောင် ဖြေရှင်းရန် ကြိုးစားအားထုတ်နေရှာသော်လည်း ကောင်းစွာမကျန်းမာပေ။ လွန်ခဲ့သောနှစ်လခန့်ကတည်းကစ၍ ဗိုလ်ချုပ်ဟတ်တန်သည် အလွန်တရာကြီးမားလေးလံလှသည့်တာဝန်များကို ထမ်းဆောင်နေရသည်ဖြစ်၍ အလုပ်ပင်ပန်းမှုဒဏ်ကို အလူးအလဲ အပြင်းအထန်ခံစားနေရပြီး ယခုမကြာသေးမီအချိန်ကပင် ၎င်းစီးလာသောလေယာဉ်ပျံပျက်ကျ၍ လေယာဉ်မှူးသေဆုံးပြီး ၎င်းသည် ဒဏ်ရာအပြင်းအထန်ရရှိခဲ့လေသည်။ ဗိုလ်ချုပ်ဟတ်တန် လေယာဉ်ပျက်ကျ၍ ရရှိသည့်ဒဏ်ရာမှာ တော်ရုံတန်ရုံသတ္တိကောင်းသူတစ်ဦးအတွက်ဆိုလျှင်ပင် ဆေးရုံတွင် ရက်ရှည်လများတက်ရောက်ကုသခံရမည် ဖြစ်ပါသည်။ ဗိုလ်ချုပ်ဟတ်တန်မှာ သာမန်ထက်ထူးခြားသောသတ္တိရှိသူဖြစ်သဖြင့် ဆေးရုံမတက်ရဘဲ အသင့်အတင့် ဆေးဝါးကုသခံ၍ ဆက်လက်တာဝန်ထမ်းဆောင်နေနိုင်ခြင်းဖြစ်သည်။ သို့ရာတွင် လေယာဉ်ပျက်ကျသဖြင့် ရရှိခဲ့သောဒဏ်ရာများကို ဗိုလ်ချုပ်ဟတ်တန်သည် ယခုတိုင်ခံစားနေဆဲဖြစ်ပုံရသည်။ ဗိုလ်ချုပ်ဟတ်တန်နှင့် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးတို့နှစ်ဦးစလုံးသည် စစ်ဖြစ်ပွားစအချိန်၌ သာမန် ဖြစ်ရိုးဖြစ်စဉ်အခြေအနေမျိုးကို ဗြိတိသျှဗိုလ်ချုပ်ကြီးတစ်ဦး ရင်ဆိုင်တွေ့ကြုံနေသည့်ပုံစံအတိုင်း တွေ့ကြုံကြရခြင်းပင်ဖြစ်လေသည်။ ထိုပုံစံမှာ မဖြစ်နိုင်လောက်အောင်ပင်ခဲယဉ်းလှသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို လက်လှမ်းမီရရှိနိုင်သမျှသော နည်းလမ်းများဖြင့်ပင် ပြီးမြောက်အောင်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် ပုံစံပင်ဖြစ်သည်။

၃၄။ စောစောပိုင်းက ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးသည် ကံကောင်းထောက်မသဖြင့် ရန်ကုန်မြို့မှ လွတ်မြောက်ခဲ့ကြောင်း ရေးသားဖော်ပြခဲ့ပါသည်။ ဖြစ်ပုံမှာ ဤသို့တည်း။ ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး အပါအဝင် ၎င်း၏ဌာနချုပ်နှင့် ရန်ကုန်မြို့ရှိ ဗြိတိသျှတပ်ဖွဲ့အားလုံးသည် အထက်ကအမိန့်ပေးလျှင် အမိန့်ပေးသလို တစ်သဝေမတိမ်း တင်းတင်းကြပ်ကြပ်လုပ်တတ်သော ဂျပန်တပ်မှူးကြောင့်သာလျှင် ပျက်စီးမည့်ဘေးအန္တရာယ်မှ လွတ်ကင်းနိုင်ခဲ့ခြင်းဖြစ်လေသည်။ မြန်မာပြည်အရှေ့ဘက်မှ တောအထပ်ထပ် တောင်အထပ်ထပ်သို့ကျော်ဖြတ်လျက် ရန်ကုန်မြို့သို့ထိုးဖောက်ဝင်ရောက်လာသော ဂျပန်တပ်မှူးအား ရန်ကုန်မြို့ကို မြောက်ဘက်မှရှောင်ကွင်းချီတက်၍ တစ်ဖန်ပြန်လှည့်ပြီး မမျှော်လင့်သောအရပ်မျက်နှာဖြစ်သည့် အနောက်ဘက်မှ ရန်ကုန်မြို့ကိုတိုက်ခိုက်သိမ်းပိုက်ရန် အထက်က အမိန့်ပေးလေသည်။ ဂျပန်တပ်မှူးအား ရန်ကုန်မြို့ကို မြောက်ဘက်မှကျော်ဖြတ်ရာ၌ ၎င်း၏ဘေးနံကိုကာကွယ်ထားနိုင်ရန်အလို့ငှာ အဓိကပြည်လမ်းမကြီးပေါ်တွင် အလွန်အင်အားတောင့်တင်းသည့် ပိတ်ဆို့ရေးတပ်ဖွဲ့ကြီးတစ်ဖွဲ့ကို ချထားခဲ့လေသည်။ ဤကဲ့သို့ ဂျပန်တပ်များကို နေရာချထားလိုက်ခြင်းအားဖြင့် ရန်ကုန်မြို့တွင်းမှထွက်ခွာရန်ကြိုးစားနေကြသည့် ဗြိတိသျှတပ်များအား မထွက်နိုင်အောင် လုံးဝပိတ်ဆို့ထားလိုက်ခြင်းပင်ဖြစ်လေသည်။ ပြည်လမ်းမကြီးပေါ်တွင် ပိတ်ဆို့ထားသည့် ဂျပန်တပ်ဖွဲ့ကြီးအား ဗြိတိသျှတပ်များက အကြိမ်ပေါင်းမြောက်မြားစွာ အပြင်းအထန်တိုက်ခိုက်ခဲ့ကြသော်လည်း ဂျပန်တပ်များ လက်ရှိနေရာများမှ ရွေ့လျားသွားအောင် တိုက်ခိုက်ခြင်းငှာမစွမ်းနိုင်ပေ။ ဂျပန်ပိတ်ဆို့ရေးတပ်ဖွဲ့ကြီး၏နေရာမှာ ရန်ကုန်မြို့မှ မြောက်ဘက် မိုင် ၄၀ ကွာဝေးသောနေရာ မှော်ဘီခန့်တွင် တည်ရှိလေသည်။ ထိုအချိန်၌ ဗြိတိသျှတပ်ဖွဲ့

များသည် ရန်ကုန်မြို့ကြား ရန်ကုန်–ပြည်လမ်းမကြီး မှော်ဘီတွင်ရှိသော ဂျပန်ပိတ်ဆို့ရေးတပ်ဖွဲ့ကြီး အား အကြိမ်ကြိမ်ထိုးဖောက်တိုက်ခိုက်ပြီး မော်တော်ယာဉ်များဖြင့်ဆုတ်ခွာရန် ကြိုးစားအားထုတ် နေကြလေသည်။ ဂျပန်တပ်မမှူးသည် ၎င်း၏ပြည်လမ်းပိတ်ဆို့ရေးတပ်ဖွဲ့ကြီးကို လက်ရှိနေရာတွင်ပင် ကြံ့ကြံ့ခံစေပြီး ကျန်တပ်များနှင့် ရန်ကုန်–ပြည်လမ်းပေါ်ရှိ ဗြိတိသျှတပ်များကို တိုက်ခိုက်စေလေသည်။ ယခုအချိန်အထိဆိုလျှင် ကားလမ်းမကြီးပေါ်မှလွဲ၍ အခြားသို့ထွက်ခွာမသွားနိုင်သော ဗြိတိသျှတပ်များ အဖို့ လွတ်လမ်းမမြင်ချေ။ ဗြိတိသျှတပ်ဖွဲ့များအတွက် ကံကောင်းချင်တော့ ဂျပန်တပ်မ၏အဓိကတပ်ဖွဲ့ များ ပြည်လမ်းမကိုဖြတ်ပြီးသောအခါ ပြည်လမ်းပေါ်ရှိ ပိတ်ဆို့ရေးတပ်ဖွဲ့သည် ၎င်း၏မူလတာဝန် ဘေးနံ ကာကွယ်ရေးကိစ္စကို အောင်မြင်စွာဆောင်ရွက်ပြီးသွားပြီဖြစ်သဖြင့် ဂျပန်တပ်မမှူးက ယင်းပိတ်ဆို့ရေး တပ်ဖွဲ့ကြီးအား ပြည်လမ်းမပေါ်မှ ရုပ်သိမ်းလိုက်လေသည်။ ဤသို့ပင်လျှင် ဂျပန်တပ်မသည် ရန်ကုန်မြို့တော် အား မူလစီမံချက်အတိုင်း အနောက်ဘက်မှ ဝင်ရောက်သိမ်းပိုက်လိုက်လေတော့သည်။ ဗြိတိသျှတပ်ဖွဲ့ များသည်လည်း ပြည်လမ်းမအား ပိတ်ဆို့ထားသည့် ဂျပန်တပ်ဖွဲ့ကြီးရုပ်သိမ်းသွားပြီဖြစ်သဖြင့် မော်တော် ယာဉ်များဖြင့် ပစ္စည်းပစ္စယနှင့် စစ်သည်ရဲဘော်များအားတင်ဆောင်ကာ မူလစီမံချက်အတိုင်းပင် မြောက် ဘက်သို့ ဆက်လက်ချီတက်သွားလေတော့သည်။

၃၅။ ကျွန်ုပ်နှင့် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး တွေ့ရသည့်အချိန်မှာ သိပ်မကြာလှချေ။ ဗိုလ်ချုပ်ကြီး မှာ ဘုရင်ခံနှင့် စည်းဝေးဆွေးနွေးရမည်ဖြစ်သဖြင့် ထွက်ခွာသွားလေသည်။ ထိုအချိန်က နယ်ဘက်အစိုးရ ဘက်တွင် ဖြစ်ပျက်နေသမျှတို့သည်လည်း စစ်ဘက်ကဲ့သို့ပင် အခြေအနေဆိုးနှင့် ရင်ဆိုင်နေကြရသည် ဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးနှင့် ဘုရင်ခံတို့တွေ့ဆုံဆွေးနွေးကြသဖြင့်လည်း အခြေအနေပိုကောင်းလာနိုင်စရာမရှိဟု ကျွန်ုပ်ထင်မြင်ယူဆမိပေသည်။ မြန်မာပြည်သူပြည်သားများသည် ရန်သူဝင်ရောက်တိုက်ခိုက်မှုအတွက် လုံးဝပြင်ဆင်မှုမရှိပေ။ ထို့ပြင် ဗြိတိသျှတပ်များက စစ်ရေးရှုံးနိမ့် ပြီးရင်းရှုံးနိမ့်ကာ ဂျပန်တပ်များက မြန်မာပြည်အတွင်းသို့ အတင်းတရကြမ်း ချင်းနင်းထိုးဖောက် ဝင်ရောက်လာသည်ကို တွေ့မြင်နေကြရသဖြင့် မြန်မာပြည်သူပြည်သားများအဖို့ အလွန်အံ့သြစရာ အဖြစ်အပျက်နှင့် ကြုံတွေ့နေရပုံရပေသည်။ တဖြည်းဖြည်း ဂျပန်တပ်များက ရှေ့သို့ ဆက်လက်ချီတက် ဝင်ရောက်လာသောအခါ ပြည်သူ့ရဲတပ်ဖွဲ့အတွင်းတွင် ခွင့်မဲ့ပျက်ကွက်ထွက်ပြေးမှုများ တစ်နေ့ထက် တစ်နေ့ အထူးများပြားလာလေသည်။ အခြားအစိုးရဌာနများက လက်အောက်အမှုထမ်းများလည်း အစိုးရဌာနများကိုစွန့်လွှတ်၍ အလုပ်ဝတ္တရားများမှ ထွက်ပြေးမှုများလည်း ပိုမိုများပြားလာလေသည်။ ထို့အတူ စာရေး၊ စာချီ၊ ဝန်ထမ်းများသည်လည်း လုပ်ငန်းခွင်ကိုစွန့်လွှတ်၍ ထွက်ပြေးကြလေသည်။ ထိုသို့ဖြင့် အစိုးရဌာနအားလုံးတွင် လုပ်ငန်းခွင်စွန့်၍ထွက်ပြေးခြင်းများ ပျံ့နှံ့သွားလေသည်။ ရန်သူ ဂျပန်လေယာဉ်များက မြန်မာပြည်တွင်းရှိ မြို့ကြီးအချို့ကို ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ထိခိုက်ကျဆုံး မှုများ အလွန်များပြားပြီး မီးလောင်သောကြောင့်လည်း ကြီးမားလှစွာ ပျက်စီးဆုံးရှုံးခြင်းခံရလေသည်။ ထို့အပြင် ဂျပန်စစ်တပ်၏ရန်ကို အထူးတလည် ကြောက်ရွံ့စိုးရိမ်၍မဟုတ်ဘဲ မြန်မာများ၏ရန်ကို အထူး စိုးရိမ်ကြောက်ရွံ့သဖြင့် ထွက်ပြေးကြသည့် အိန္ဒိယအမျိုးသားဒုက္ခသည်အများအပြားတို့သည်လည်း အုပ်လိုက်သင်းလိုက် ထွက်ပြေးသွားလာနေကြသည်။ ထိုသို့သော အခြေအနေအဖြစ်ဆိုးအရပ်ရပ်တို့ကြောင့် တိုင်းပြည်၏ကွပ်ကဲထိန်းသိမ်းမှုနှင့် ဆက်သွယ်မှုလုံးဝဥဿုံပျက်စီးခြင်းသို့ ရောက်ရလေတော့သည်။

အမှန်အားဖြင့်ကား ဂျပန်တပ်များမရောက်မီကတည်းကပင် နယ်ဘက်အစိုးရအုပ်ချုပ်မှု ပြိုကျပျက်စီးနေပြီဖြစ်ချေသည်။

၃၆။ ဤမျှအခြေအနေဆိုးနေရသည့်အထဲက အသက်ရှုပေါက်ရသည့် အခြေအနေကောင်းကလေးတစ်ခု ဖြစ်ပေါ်ခဲ့လေသည်။ ၁၉၄၁ ခုနှစ် ခရစ္စမတ်ပွဲတော်အပြီး၌ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က မြန်မာပြည်ကာကွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် တရုတ်အမှတ်(၅)နှင့် အမှတ်(၆)တပ်တော်တို့ကို အသုံးပြုပါဟု ရက်ရက်ရောရော စကားကမ်းလှမ်းလာသည်။ ထိုကမ်းလှမ်းချက်ကိုသိရသောအခါ ဗိုလ်ချုပ်ကြီးဝေဗယ်လ်က အလွယ်တကူရရှိနိုင်သည့် တပ်တော် ၂ ခုအတွက် ချက်ချင်းပင် သဘောတူလက်ခံလိုက်လေသည်။ ထိုသို့ အလွယ်တကူ အဆင်သင့်ဖြစ်နေသော အမှတ်(၆)တပ်တော်မှ အမှတ်(၉၃)တပ်မကို ရှမ်းပြည်နယ်အတွင်းသို့ ရွှေ့ပြောင်းချီတက်ထားစေလိုက်သည်။ ထိုတပ်တော်မှပင် အမှတ်(၄၉)တပ်မအား လားရှိုးမြို့မှဖြတ်၍ သံလွင်မြစ်တစ်ဖက်ကမ်းရှိ တာကော်မြို့သို့ ချီတက်သွားရောက်စေသည်။ အမှတ်(၃)တပ်မနှင့် အမှတ်(၅၅)တပ်မမှတပ်များသည် ပြန့်ကျဲနေပြီး အဆင်သင့်မဖြစ်သဖြင့် ဝမ်ထိန်မြို့တွင်စုရုံးစေလျက် ၎င်းမြို့တွင်ပင် လက်နက်တပ်ဆင်၍ လေ့ကျင့်ရန်အတွက် စီစဉ်ထားလိုက်လေသည်။ ဇန်နဝါရီလအကုန်တွင် အမှတ်(၅)တပ်တော်အတွက် ထိန်းသိမ်းထောက်ပံ့မှုကိစ္စများ အရေးတကြီးစီစဉ်ပြီးသည့်နောက် ဗိုလ်ချုပ်ဟတ်တန်၏ မေတ္တာရပ်ခံချက်အရ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က ယင်းတပ်တော်ကို တောင်ငူဒေသတစ်ဝိုက်တွင် တပ်စွဲနေရာယူထားရန် သဘောတူခွင့်ပြုလိုက်လေသည်။ အမှတ်(၅)တပ်တော်လက်အောက်တွင် အမှတ်(၂၂)တပ်မ၊ အမှတ်(၉၆)တပ်မနှင့် အမှတ်(၂၀၀)တပ်မများပါဝင်ကြပြီး ယင်းတပ်တော်သည် တရုတ်ပြည်ထဲရှိ အခြားတပ်တော်များထက် အကောင်းဆုံးလက်နက်ပစ္စည်းတပ်ဆင်ထားပြီး အကောင်းဆုံးလေ့ကျင့်ထားသည့် တပ်တော်တစ်ခုဖြစ်သည်ဟု ယူဆကြလေသည်။ ဖေဖော်ဝါရီလထဲတွင် တရုတ်တပ်များသည် မြန်မာပြည်ထဲသို့ဝင်ရောက်လာကြလေသည်။ သို့ရာတွင် ပို့ဆောင်ရေးအခက်အခဲကြောင့် အချိန်များစွာနှောင့်နှေးခဲ့ရလေသည်။

၃၇။ တရုတ်တပ်တော်နှစ်ခုစလုံးကိုပေးလျက်နှင့် ချက်ချင်းအားလုံးလက်မခံလိုက်သည့်အတွက် ဗိုလ်ချုပ်ကြီးဝေဗယ်လ်အပေါ် ဝေဖန်ပြစ်တင်ကြလေသည်။ အမှန်အားဖြင့် ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးဝေဗယ်လ်က ဆုံးဖြတ်လုပ်ကိုင်လိုက်ခြင်းသည် မှန်ကန်မှု၊ မျှတမှု အမှန်ပင်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်တပ်တော်နှစ်ခုစလုံးသည် မြန်မာပြည်တွင်းရောက်လျှင် မြန်မာပြည်တွင်းမှ ရသမျှစားနပ်ရိက္ခာကို မှီခို၍စားသုံးကြမည်ဖြစ်သည်။ ထိုတရုတ်တပ်တော်နှစ်ခု၌ ရိက္ခာပစ္စည်းနှင့်ပို့ဆောင်ရေးယာဉ်လုံးဝမရှိသလောက်ပင်ဖြစ်သည်။ ထို့ကြောင့် ဤမျှအင်အားများပြားလှသော တပ်တော်နှစ်ခုအတွက် ရိက္ခာဖြည့်တင်းထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးအတွက် တာဝန်ယူလုပ်ကိုင်မည့် ကျပန်းအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းမပေးနိုင်သေးသည့်အချိန်အထိ ဖော်ပြပါတပ်တော်နှစ်ခုကို လက်ခံထားရန်မဖြစ်နိုင်ပေ။ ထိုတပ်တော်နှစ်ခုအတွက် ပို့ဆောင်ရေးယာဉ်အခက်အခဲရှိပြီး သွားလာရွှေ့ပြောင်းရန်လမ်းတစ်လမ်းသာလျှင်ရှိနေသည်ဖြစ်သောကြောင့် တပ်တော်နှစ်ခုစလုံးကို ရုတ်တရက် ချက်ချင်းပင် လက်ခံလိုက်စေကာမူ မြန်မာပြည်ထဲသို့ ၎င်းတို့တကယ်ရောက်ရှိသည့်အချိန်ထက်စော၍ ရောက်နိုင်မည်မဟုတ်ပေ။ အချိန်စော၍ရောက်ရှိခဲ့ပြန်လျှင်လည်း ထိုတပ်တော်နှစ်ခုအတွက် ရိက္ခာပစ္စည်း ထောက်ပံ့ဖြည့်တင်းရေးကိစ္စတွင်

အလွန်တရာမှအခက်အခဲရှိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်က မြန်မာပြည်တွင်းရှိ တရုတ်တပ်များ၏ ကွပ်ကဲမှုပြဿနာကြောင့် စိတ်အပြောင်းအလဲဖြစ်ပြီး ၎င်း၏အမိန့်ဖြင့် အမှတ်(၂၂)တပ်မနှင့် အမှတ်(၉၆)တပ်မတို့၏ရွေ့ပြောင်းမှုကို ယာယီရပ်ဆိုင်းထားလိုက်လေသည်။ ၁၉၄၂ ခုနှစ်၊ မတ်လအလယ်လောက်တွင် အမှတ်(၅)တပ်တော်မှ အမှတ်(၂၀၀)တပ်မတစ်ခုသာလျှင် စစ်တောင်းမြစ်ဝှမ်းရှိ တောင်ငူမြို့သို့ ရောက်ရှိလာလေသည်။ အမှတ်(၅)တပ်တော်မှ ကျန်တပ်များက နောက်မှ ဖြည်းဖြည်းလိုက်လာလျက်ရှိကြသည်။ အမှတ်(၆)တပ်တော်က အမှတ်(၅)တပ်တော်၏နောက်မှ ကပ်၍လိုက်လာနေသည်။ ဤကဲ့သို့ တရုတ်တပ်များရောက်ရှိလာခြင်းကြောင့် အချိန်ကျလျှင် ဗိုလ်ချုပ်ကြီး အလက်ဇင်းဒါးအဖို့ အမှတ်(၁)မြန်မာတပ်မကို တောင်ငူမှနုတ်၍ ဧရာဝတီမြစ်ဝှမ်းကိုဖြတ်ကာ အမှတ်(၁၇) အိန္ဒိယတပ်မနှင့် ပေါင်းပေးလိုက်နိုင်ပေသည်။ ထိုသို့ပေါင်းပေးပြီးလျှင် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၏ လက်အောက်၌ သစ်တောထူထပ်၍ မတ်စောက် သည့် တောင်တန်းများပေါများသည့် ပဲခူးရိုးမ၏တစ်ဖက်တစ်ချက်တွင် တရုတ်တပ်ဖွဲ့နှင့် ဗြိတိသျှ တပ်ဖွဲ့များဟူ၍ ခွဲခြားပြီး တပ်ဖွဲ့နှစ်ဖွဲ့ရှိပေမည်။

၃၈။ ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးအတွက် ပို၍အခက်အခဲများရလေအောင် တရုတ်တပ်များ၏ ကွပ်ကဲမှုမှာ မသေချာမရေရာသည့် အခြေအနေဖြစ်နေလေသည်။ မတ်လအလယ်ခန့်တွင် အမေရိကန်တပ်မှူး ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ် ရောက်ရှိလာလေသည်။ ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ် ရောက်လာခြင်းမှာ မြန်မာပြည်တွင်းရှိ တရုတ်တပ်အားလုံး၏တပ်မှူးအဖြစ်လည်းကောင်း၊ ဗိုလ်ချုပ်ကြီးချန်ကေရှိတ်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ်လည်းကောင်း ရောက်ရှိလာခြင်းဖြစ်သည်။

ထို့ကြောင့် ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်သည် မြန်မာပြည်တွင်းရှိ တရုတ်တပ်အားလုံး၏ တပ်မှူးဖြစ်သဖြင့် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၏လက်အောက်ခံဖြစ်သည်။ သို့ရာတွင် ဗိုလ်ချုပ်ကြီး ချန်ကေရှိတ်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ်ဖြင့်ကား ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၏လက်အောက်ခံ မဟုတ်ပေ။ ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်၏ဌာနချုပ်ရုံး၌ ဦးစီးအဖွဲ့နှင့်ဆက်သွယ်ရေးလုံလုံလောက်လောက်မရှိသဖြင့် အခက်အခဲများစွာဖြစ်ခဲ့ရလေသည်။ ထို့ပြင် ထိုအချိန်က နိုင်ငံခြားချီ တရုတ်တပ်ပေါင်းစုမှူး တရုတ်လူမျိုး ဗိုလ်ချုပ်ကြီးလိုချိယင်းတစ်ယောက် ရှိသေးသည်။ ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်မှ တရုတ်တပ်တော်မှူးများထံ ထုတ်ပြန်သည့်အမိန့်အားလုံးသည် ဗိုလ်ချုပ်ကြီးလိုချိယင်းထံမှတစ်ဆင့် ဖြန့်ဖြူးရသည်။ တရုတ်တပ်တော်မှူးများက ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၊ ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်နှင့် ဗိုလ်ချုပ်ကြီးလိုချိယင်းတို့ ထုတ်ပြန်သည့်အမိန့်များကို လိုက်နာချင်မှလိုက်နာကြသည်။ ထို့ထက်ပင် ဆိုးရွားသည့်အချက်တစ်ချက်မှာ တရုတ်တပ်မမှူးအဆင့်ရှိ တပ်မှူးများကသည်ပင်လျှင် ထိုကဲ့သို့ ထုတ်ပြန်သည့်အမိန့်များကို လိုက်နာချင်မှလိုက်နာကြသည့်အချက်ဖြစ်သည်။ ထိုသို့မလိုက်နာကြခြင်းမှာ ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်အား ချန်ကေရှိတ်က ၎င်း၏ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်သည့်အမိန့်ပြန်တမ်းကို တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိ၍ဖြစ်လေသည်။ ထို့ထက်အခြေအနေကို ပို၍ရှုပ်ထွေးစေသည့် အခြားအချက်တစ်ချက်မှာ ထိုအချိန်က လားရှိုးမြို့၌ရှိနေသည့် တရုတ်ချစ်ကြည်ရေးအဖွဲ့ထဲတွင် ဗိုလ်ချုပ်ကြီးလင်ဝေဆိုသူတစ်ယောက်ရောက်ရှိနေပြီး ယင်းဗိုလ်ချုပ်ကြီးလင်ဝေအား ချန်ကေရှိတ်၏တိုက်ရိုက်ကိုယ်စားလှယ်အဖြစ် စေလွှတ်ထားသည်ဖြစ်၍ ၎င်းကစစ်ဆင်ရေးတာဝန်များကို သိမ်မွေ့နူးညံ့စွာရောင်လွှဲနိုင်လေသည်။ ထို့ကြောင့် တရုတ်တပ်များအား အမိန့်ပေးခြင်းထက် တိုက်တွန်း

ဩဇာညောင်းစေအောင်သာ ပြုလုပ်သင့်ကြောင်း ၎င်းကထုတ်ဖော်ပြောဆိုခဲ့လေသည်။ ထိုသို့ဖြစ်စေသဖြင့် ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၊ ဒုတိယဗိုလ်ချုပ်ကြီးစတီးလ်ဝဲလ်နှင့် ဗိုလ်ချုပ်ကြီးလိုချိယင်းတို့ထံမှ အမိန့်သဘောမဟုတ်ဘဲ တိုက်တွန်း၍ဩဇာညောင်းစေသော ညွှန်ကြားချက်များကို ဗိုလ်ချုပ်ကြီးလင်ဝေက အတည်ပြု၍ ဖြန့်ပေးမှသာ တရုတ်တပ်တော်မှူးများက လိုက်နာဆောင်ရွက်ကြသည့်အခြေအနေမျိုး၌ ရှိနေလေသည်။

၃၉။ တရုတ်တပ်တော်သည် ဥရောပတိုက်မှ တပ်မကြီးတစ်ခုနှင့်ညီမျှပြီး တပ်မနှစ်ခုမှသုံးခုအထိ ပါရှိလေသည်။ တရုတ်တပ်မတစ်ခု၏ဖွဲ့စည်းပုံသည် လူအင်အား ၇၀၀၀ မှ ၉၀၀၀ ခန့်သာရှိသဖြင့် ဗြိတိသျှ၊ အမေရိကန်တပ်မ ဖွဲ့စည်းပုံထက် လူအင်အားအလွန်နည်းလေသည်။ ထို့ပြင် တရုတ်တပ်မ၏ လူအင်အားသုံးပုံနှစ်ပုံကိုသာ လက်နက်တပ်ဆင်ထားပြီး ကျန်လူအင်အားတစ်ပုံကို လက်နက်တပ်ဆင်မထားဘဲ အထမ်းသမားအဖြစ် အသုံးပြုလေသည်။ တရုတ်တပ်မဖွဲ့စည်းပုံတွင် ဝန်တင်လား၊ မော်တော်ယာဉ်စသည့် ပို့ဆောင်ရေးယာဉ်များလည်းမပါရှိပေ။ ထို့ကြောင့် ဖွဲ့စည်းပုံအပြည့်ရှိသည့် တရုတ်တပ်မတစ်ခု၏ ပစ်အားနှင့် အခြားနိုင်ငံများမှတပ်များနှင့်မတူသော ဖွဲ့စည်းပုံဆိုင်ရာအချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**ပစ်အား**

(က) ရိုင်ဖယ် (၃၀၀၀ ထက်ကျော်)

(ခ) အပေါ့စား စက်သေနတ် (၁၀၀၊ ၂၀၀ ခန့်)

(ဂ) အလတ်စား စက်သေနတ် (၃၀ မှ ၄၀ ခန့်ထိ)

(ဃ) သုံးလက်မ မော်တာ (အနည်းငယ်မျှ)

(င) အမြောက်မပါဘဲ တင့်ကားပစ်အမြောက်အသေးစား ကြုံခေါင့်ကြုံခဲ ရံဖန်ရံခါပါရှိသည်။

**ဖွဲ့စည်းပုံ**

(က) ဆေးဝန်ထမ်းတပ် မပါ။

(ခ) ဆက်သွယ်ရေးတပ် အနည်းအကျဉ်းမဆိုစလောက် ပါသည်။

(ဂ) ဦးစီးကား တစ်စီးတလေ တစ်ခါတစ်ရံ ၂ စီးမျှ ပါတတ်သည်။

(ဃ) သုံးတန်ယာဉ် ၆ စီးခန့် ပါသည်။

(င) သန်သန်စွမ်းစွမ်းမဟုတ်သည့် အစာရေစာဝလင်အောင်မစားရသည့် တရုတ်မြင်း ၁၀၀၊ ၂၀၀ ခန့် ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ တရုတ်တပ်မတော်သားများသည် ကြမ်းတမ်းခိုင်ခံ့သန်စွမ်းသည်။ သတ္တိရှိသည်။ တိုက်ပွဲအတွေ့အကြုံရှိဖူးကြသည်။ အမှန်မှာလည်း တရုတ်တပ်မတော်သည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက တခြားမည်သူ့ထံကမျှ အကူအညီရယူခဲ့ခြင်းမျိုးမရှိဘဲ မိမိဘာသာရပ်တည်လျက် စစ်တိုက်နေခဲ့သည့် တပ်မတော်ဖြစ်လေသည်။ ယခုအချိန်၌ မဟာမိတ်တပ်များထဲတွင် တရုတ်တပ်မတော်သည် စစ်ရည်ဝသော၊ စစ်စွမ်းရည်ပြည့်စုံသော တပ်မတော်ဖြစ်လေသည်။ ယခုအချိန်အထိဆိုလျှင် တခြားမဟာမိတ်တပ်များထက် တရုတ်တပ်မတော်က ဂျပန်စစ်တပ်ကို ပိုမိုအောင်မြင်စွာ ခုခံတွန်းလှန်တိုက်ခိုက်နိုင်သောအခြေအနေတွင် ရှိနေလေသည်။ ယခုကဲ့သို့ မြန်မာပြည်ရှေ့တန်းစစ်မျက်နှာ

သို့ထွက်ခွာလာစဉ် လမ်းတစ်လျှောက်၌လည်း တရုတ်တပ်မတော်သည် ဂျပန်စစ်တပ်မှ တပ်ဆွယ်အချို့တို့နှင့်တွေ့ကြုံ၍ အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ပြီး အောင်မြင်စွာထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်လေသည်။

၄၀။ ပြင်ဦးလွင်မြို့၌ရှိစဉ်က ကျွန်ုပ်သည် ဦးစီးအရာရှိများစွာနှင့် စကားပြောဆိုခဲ့ရသည်။ ထိုဦးစီးအရာရှိများထဲတွင် မကြာခဏဆိုသလိုပင် ကျွန်ုပ်နှင့်နှစ်ပေါင်းများစွာ အတူတကွအမှုထမ်းခဲ့ဖူးသူများ၊ အစည်းအဝေးပေါင်းများစွာကို အတူတကွတက်ဖူးခဲ့သူများဖြစ်ကြသည့် မိတ်ဆွေဟောင်းများပါဝင်လေသည်။ ထိုမိတ်ဆွေဟောင်းများထဲတွင် တရုတ်ဗိုလ်ချုပ်တစ်ယောက်ကိုလည်းတွေ့ဆုံခဲ့ရသည်။ ယင်းဗိုလ်ချုပ်သည် ထိုနေ့ထိုအချိန်အထိ တရုတ်–ဂျပန်တိုက်ပွဲများထဲတွင် တရုတ်တို့ဘက်က တကယ်အစစ်အမှန်အောင်မြင်မှုရရှိခဲ့သည့် တစ်ခုတည်းသောတိုက်ပွဲတွင် ထူးထူးချွန်ချွန်ဝင်တိုက်ခဲ့သည့် ဗိုလ်ချုပ်တစ်ဦးဖြစ်လေသည်။ ထိုတိုက်ပွဲမှာ ချန်ရှာတိုက်ပွဲဖြစ်လေသည်။ ကျွန်ုပ်က ယင်းတရုတ်ဗိုလ်ချုပ်အားလူရှင်းသည့်တစ်နေရာသို့ခေါ်သွား၍ သူပြောပြသည့် တိုက်ပွဲ၏နည်းဗျူဟာအကြောင်းကို စကားပြန်မှတစ်ဆင့် အသေအချာဂရုတစိုက်နားထောင်ခဲ့သည်။ ထိုတရုတ်ဗိုလ်ချုပ်နှင့်ဂျပန်တိုက်ရသည့် တိုက်ပွဲအတွေ့အကြုံအရ ဂျပန်တပ်သည် ၎င်းတို့၏စစ်ဆင်မှုအတတ်ပညာတွင် ယုံကြည်စိတ်ချမှုရှိသည့်အတွက် စစ်တိုက်သည့်အခါတွင် မကြာခဏပင် မိမိတို့တပ်ကို နောက်ပိုင်းမှ ထောက်ပံ့အုပ်ချုပ်မှုကိစ္စများအတွက် အလေးအနက်မထားဘဲ တိုက်တတ်ကြကြောင်းသိရသည်။ ယင်းတရုတ်ဗိုလ်ချုပ်၏ခန့်မှန်းချက်အရဆိုလျှင် ဂျပန်တပ်ဖွဲ့တစ်ဖွဲ့အတွက် ရိက္ခာ ၉ ရက်စာသာ အများဆုံးပါရှိတတ်ကြောင်းသိရသည်။ ထို့ကြောင့် ကျွန်ုပ်တို့မဟာမိတ်စစ်တပ်များသည် ဂျပန်တပ်ဖွဲ့ကို ၉ ရက်ကြာခုခံတိုက်ခိုက်လျက် ကျွန်ုပ်တို့၏ရိက္ခာများကိုလည်း ဂျပန်တပ်များက သိမ်းဆည်းရယူခြင်းမရှိရအောင် ကာကွယ်ထားပြီးသည့်နောက်မှ ဂျပန်စစ်တပ်များကို တန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်နိုင်ခဲ့လျှင် ရန်သူဂျပန်တပ်များကို ဖျက်ဆီးချေမှုန်းနိုင်မည် အမှန်ပင်ဖြစ်ပေသည်။ ကျွန်ုပ်သည် ထိုတရုတ်ဗိုလ်ချုပ်ပြောသမျှကို စိတ်ပါဝင်စားစွာအာရုံပြု၍ နားထောင်ခဲ့သည်။ အမှန်မှာ ထိုတရုတ်ဗိုလ်ချုပ်သည်ကား ကျွန်ုပ်ကြားဖူးရသမျှ မဟာမိတ်တပ်မှူးများထဲတွင် ဂျပန်တပ်နှင့် တစ်ကြိမ်တိုက်လိုက်သည်နှင့်ပင် ဂျပန်တပ်ဖွဲ့ကို အောင်မြင်စွာနှိမ်နင်းနိုင်သည့် တစ်ဦးတည်းသောဗိုလ်ချုပ်ပင်ဖြစ်ပါသည်။ ထိုအယူအဆသဘောတရားကို လက်တွေ့ကျင့်သုံးရာ၌ အခက်အခဲချို့ယွင်းချက်များရှိမည် အမှန်ပင်ဖြစ်ပါသည်။ သို့ရာတွင် ထိုအယူအဆသဘောတရား၏ အဓိကအခြေခံသဘောတရားများသည် ခိုင်လုံသည်ဟု ကျွန်ုပ်ထင်မြင်ယူဆခဲ့လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ယင်းတရုတ်ဗိုလ်ချုပ်ပြောပြသည့် ဂျပန်နိုင်နည်း အခြေခံသဘောတရားကို အမြဲမှတ်မိနေပြီး နောင်အခါတွင် ယင်းသဘောတရားအတိုင်းလည်း ကျင့်သုံးခဲ့လေသည်။

၄၁။ ကျွန်ုပ်အား အဘယ်ကြောင့် မြန်မာပြည်သို့ခေါ်ဆောင်လာခဲ့သည့်အကြောင်းရင်းကို ကျွန်ုပ်သည် ယခုထက်တိုင် မသိရှိခဲ့သေးပေ။ ထို့ပြင် သိအောင်လည်း တစ်စုံတစ်ယောက်ကမျှ လိုလိုလားလားပြောပြလိမ့်မည်ဟုမယူဆပေ။ ကျွန်ုပ်၏စိတ်ထဲတွင် တွေး၍ကြောက်ရွံ့စိုးရိမ်နေသည့်အချက်တစ်ချက်မှာ ထိုအချိန်က အိန္ဒိယပြည်သို့ပြန်သွားပြီဖြစ်သည့် ဗိုလ်ချုပ်ဟတ်တန်၏နေရာဖြစ်သော ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၏ ကာကွယ်ရေးဦးစီးချုပ်တာဝန်ကို ကျွန်ုပ်အားပေးမည့်အချက်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးမှာမူ အတ္တကင်းပြီး နှစ်သက်စရာကောင်းသောပုဂ္ဂိုလ်ကြီး အမှန်စင်စစ်ဖြစ်ပါသည်။ သို့ရာ

တွင် ကျွန်ုပ်သည် ဦးစီးအရာရှိတာဝန်ကို ထူးချွန်စွာဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသူ ဗိုလ်ချုပ်ဟတ်တန်နှင့် တန်းတူရည်တူအမှုထမ်းနိုင်လိမ့်မည်မဟုတ်သည့်အပြင် ကျွန်ုပ်ကိုယ်ကျွန်ုပ် တစ်နေ့တွင် ဦးစီးအရာရှိတာဝန်ထမ်းဆောင်ရလိမ့်မည်ဟု မည်သည့်အခါကမျှ ထည့်သွင်းစဉ်းစားခဲ့သူတစ်ယောက် မဟုတ်ပေ။ လွန်ခဲ့သော ၁၀ နှစ်ခန့်က ကျွန်ုပ်သည် အိန္ဒိယပြည်၌ စစ်ဦးစီးအရာရှိ ဒုတိယတန်းတာဝန်မျိုးကို ထမ်းဆောင်ခဲ့ရဖူးသည်။ ထို့နောက် ၁၉၄၁ ခုနှစ်၊ နှစ်ဦး၌ ခေတ္တခဏမျှ ဗိုလ်မှူးချုပ်၊ စစ်ဦးစီးအရာရှိတာဝန်ကိုဆောင်ရွက်ခဲ့ဖူးသည်။ ထို့ကြောင့် ယခုအခါ ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါး၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပါက အတွေ့အကြုံဗဟုသုတ လုံလောက်စွာရှိသည်ဟု မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိနိုင်စေကာမူ ကျွန်ုပ်သည် အများနည်းတူ တပ်မှူးကောင်းတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်နိုင်၍ ဦးစီးအရာရှိတစ်ယောက်အဖြစ်ဆိုလျှင် တပ်မှူးတာဝန်ထမ်းဆောင်ရခြင်းထက် အခြေအနေဆိုးရွားလိမ့်မည်ဟု ယုံကြည်မိပေသည်။

၄၂။ မန္တလေးမြို့တွင် လေယာဉ်ပျံစောင့်ရင်း တစ်ရက်အချိန်ရသဖြင့် ကျွန်ုပ်တို့သည် မြို့ထဲသို့ လှည့်လည်ကြည့်ရှုရန် အချိန်ရခဲ့ပေသည်။ မန္တလေးမြို့ထဲ၌ အကြောင်းအမျိုးမျိုးကြောင့် ရှေ့တန်းမှ ဆုတ်ခွာလာကြရသော တပ်အဖွဲ့အစည်း အမြောက်အမြားကိုတွေ့ခဲ့ရလေသည်။ ထိုတပ်ဖွဲ့များကို လိုအပ်သောနေရာ၌ အင်အားထပ်ဖြည့်ရန်အတွက် အသုံးပြုရန်နှင့် အချို့တပ်များကိုပြန်လည်ပြုပြင်၍ လက်နက်တပ်ဆင်ရန်အတွက် ရည်စူးထားကြောင်းသိရှိခဲ့သည်။ ထိုတပ်ဖွဲ့အမျိုးမျိုးတို့တွင် အောက်ပါတပ်ဖွဲ့များလည်း ပါရှိလေသည်–

(က) အမြောက်လက်နက်များဆုံးရှုံးခဲ့သော အမြောက်တပ်ဖွဲ့များ။

(ခ) ဖရိုဖရဲဖြစ်သွားသော တပ်ဖွဲ့နှင့် စွန့်ပစ်ပြေးသော စခန်းများမှ တပ်အစိတ်အပိုင်းများ။

(ဂ) တပ်ပေါင်းစုမှ ရောနှောရှုပ်ထွေးနေသော တပ်အစိတ်အပိုင်းများ။

(ဃ) ကျန်တပ်အကြွင်းအကျန်မှ ကျန်ရှိခဲ့သည့် တပ်အစိတ်အပိုင်းများ။

ထိုတပ်ဖွဲ့များအနက် ဗြိတိသျှတပ်များမှာ စိတ်ပူပန်နေကြဟန်ရှိသည်။ အိန္ဒိယတပ်များကမူ စိတ်ရှုပ်ထွေးနေကြဟန်ရှိသည်။ မြန်မာတပ်များကမူ သုန်မှုန်နေကြလေသည်။ ယခုကဲ့သို့ အခြေအနေမျိုးတွင် ဖော်ပြပါတပ်များအား တင်းတင်းကြပ်ကြပ် ကွပ်ကဲကြီးကြပ်မှုမပြုလုပ်နိုင်ခဲ့လျှင် နောက်တန်း၌ အန္တရာယ်တစ်စုံတစ်ရာကျရောက်နိုင်သည့် အခြေအနေဖြစ်မည်ဟု ကျွန်ုပ်စိတ်ထဲတွင် သံသယဝင်မိပေသည်။

၄၃။ ကျွန်ုပ်အား အနာဂတ်ကာလတွင် ပေးအပ်မည့်တာဝန်အကြောင်း မရေရာသေးဘဲနှင့်ပင် ကျွန်ုပ်တို့သည် အိန္ဒိယပြည်သို့ ပြန်လာခဲ့ကြရလေသည်။ အပြန်ခရီး၌ ကျွန်ုပ်အား အိန္ဒိယပြည်တွင် စစ်ဦးစီးအရာရှိတာဝန်များ ပေးအပ်ခြင်းခံရလေမည်လားဟု ကျွန်ုပ်၏ကံကြမ္မာအတွက် စိုးရိမ်ပူပန်မိရလေသည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုသို့အကြောင်းမဲ့စိုးရိမ်ပူဆွေးနေ၍ကား မကောင်းလှပေ။ ကျွန်ုပ်၏သက်ဆိုင်ရာအထက်လူကြီးများက ကျွန်ုပ်ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားအကြောင်း ပြောပြသင့်ပေပြီဟု ယူဆမိသည်။ ထိုသို့အပြန်ခရီးတွင် ကာလကတ္တားမြို့သို့ရောက်ကြသောအခါ ကျွန်ုပ်တို့၏အစိုးရအိမ်တော်တစ်ခု၌ တည်းခိုနေကြရသည်။ အစိုးရအိမ်တော်မှာ ကောင်းစွာသန့်ရှင်းမှုမရှိလှဘဲ အလင်းရောင်လည်း ကောင်းစွာ

မရ၊ မှောင်နေသည့်အိမ်ကြီးတစ်အိမ်ဖြစ်လေသည်။ ထိုအစိုးရအိမ်တော်သို့ ကျွန်ုပ်တို့ရောက်ကြသည့် မနက်ခင်းအချိန်၊ နံနက်စာစားပြီးပြီးချင်းပင်လျှင် ကျွန်ုပ်အား ဗိုလ်ချုပ်ကြီးဝေဗယ်လ်ကတွေ့လို၍ ခေါ်ခိုင်းကြောင်းပြောသဖြင့် ကျွန်ုပ်သွားရောက်တွေ့ရသည်။ ဗိုလ်ချုပ်ကြီးဝေဗယ်လ်အား ဧည့်ခန်းဆောင်အတွင်း မတ်တတ်ရပ်လျက်ရှိသည်ကို တွေ့မြင်ရလေသည်။ သူသည် ယခင်ကပုံစံအတိုင်း စိတ်ဓာတ်ခိုင်မြဲ၍ မိမိကိုယ်ကိုမိမိ အထူးယုံကြည်စိတ်ချမှုရှိသည့် ပုံသဏ္ဌာန်အသွင်အပြင်အတိုင်း ရပ်နေသည်ကို တွေ့မြင်ရသည်။ သူသည် ယခုကဲ့သို့ ဒုတိယကမ္ဘာစစ် ဖြစ်လိုက်သည့်အတွက် ကမ္ဘာ့အရှေ့ဖျားဒေသရှိ စစ်မျက်နှာဝယ် မဟာမိတ်တပ်များ၏ရေကြောင်း၊ လေကြောင်းအင်အား အရေးနိမ့်ခဲ့ရပုံ၊ ဖိလစ်ပိုင်ကျွန်းများ ရန်သူ့လက်ကျဆုံးခဲ့ရပုံ၊ ဟော်လန်ပိုင် အရှေ့အိန္ဒိယကျွန်းများ ရန်သူ့လက်ကျဆုံးခဲ့ရပုံ၊ မလေးကျွန်းဆွယ်တစ်ခုလုံး ရန်သူ့လက်ကျဆုံးခဲ့ရပုံ စသည့် မထင်မှတ်နိုင်လောက်အောင် အလွန်တရာကြီးမားလှသည့် ပျက်စီးဆုံးရှုံးမှုများကို မျက်ဝါးထင်ထင် သူ့ရှေ့တွင်ပင် အလွန်လျင်မြန်စွာဖြစ်ပျက်သွားပုံကို တွေ့မြင်ခဲ့ရသူဖြစ်လေသည်။ ထိုအချိန်အခါက သူသည် ကမ္ဘာပေါ်ဝယ် အခက်အခဲဆုံးသော စစ်မျက်နှာဖြစ်သည့် အိန္ဒိယနှင့်မြန်မာပြည်စစ်မျက်နှာတို့၏ စစ်သေနာပတိချုပ်တာဝန်ကို ထမ်းဆောင်နေရချိန်ဖြစ်လေသည်။ သို့ပင်ဖြစ်လင့်ကစား သူ့ကိုမြင်လိုက်ရသည်နှင့်ပင် ကျွန်ုပ်၏စိတ်၌ ယုံကြည်ကိုးစားမှုအပြည့်ရှိခဲ့ရပေသည်။ ကျွန်ုပ်သည် သူ့အား လျှမ်းလျှမ်းတောက်အောင်မြင်မှုရ၍ ဘုန်းမီးနေလအထွတ်အထိပ်သို့ရောက်နေစဉ်ကလည်း တွေ့မြင်ခဲ့ရဖူးသည်။ ထိုစဉ်က သူသည် တည်ငြိမ်ခံ့ညားစွာ တစ်စုံတစ်ရာကိုနက်နက်နဲနဲ တွေးတောနေဟန်ရှိသည့်မျက်နှာထားနှင့် ရပ်နေသည့်ပုံစံမျိုးဖြင့် ယခုလည်း ကျွန်ုပ်အားစိုက်ကြည့်ကာ လေ့လာအကဲခတ်နေသည်ကိုတွေ့ရသည်။ ထို့နောက် မြန်မာပြည်၌တွေ့ခဲ့ရသည့်အကြောင်းများနှင့်ပတ်သက်၍ သူက ကျွန်ုပ်အား မေးခွန်းအချို့မေးမြန်းပါသည်။ ထိုမေးခွန်းများကို ကျွန်ုပ်က အထိုက်အလျောက်ဖြေကြားပြီးသည့်အခါ သူကအထွေအထူးပြန်မပြောဘဲ ခေတ္တခဏမျှငြိမ်သက်နေလေသည်။ ထို့နောက် နိဒါန်းမပျိုး ပဏ္ဏာမခံဘဲ သူက ကျွန်ုပ်အား မြန်မာပြည်၌ဖွဲ့စည်းဖွင့်လှစ်မည့် တပ်မကြီးတစ်ခုအား ကွပ်ကဲအုပ်ချုပ်ရန်အတွက် မြန်မာပြည်သို့ပြန်သွားစေလိုကြောင်းပြောကြားပါသည်။ ထိုစကားကိုကြားလိုက်ရသောအခါ ကျွန်ုပ်သည် ဝမ်းသာလွန်းလှ၍ ဒိတ်ခနဲရင်ခုန်ရလေသည်။ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်အတွက် တပ်မကြီးကိုကွပ်ကဲအုပ်ချုပ်ရခြင်းသည် စစ်ဦးစီးအရာရှိတာဝန်ထမ်းဆောင်ရခြင်းထက် ပိုမိုကောင်းမွန်သည်ဟုယူဆသည်။ သို့ရာတွင် ယခုကဲ့သို့ အခြေအနေအချိန်အခါမျိုး၌ မြန်မာပြည်မှာဖွင့်မည့် တပ်မကြီးကိုကွပ်ကဲရန်မှာ ကျွန်ုပ်၏အရည်အသွေးကိုသိလို၍ စမ်းသပ်တာဝန်ပေးခြင်းဖြစ်ကြောင်း၊ ထိုတာဝန်သည် အလွန်တရာမှ ခက်ခဲကြမ်းတမ်းလှသောတာဝန်ဖြစ်ကြောင်း၊ ထိုတာဝန်ကို အောင်မြင်အောင်ထမ်းဆောင်ရန် တော်ရုံတန်ရုံစွမ်းရည်နှင့်မရနိုင်ကြောင်းကို ကျွန်ုပ် ကောင်းစွာသဘောပေါက်သိရှိနားလည်လိုက်ပေသည်။

၄၄။ ကျွန်ုပ်စဉ်းစားတွေးတောနေသည်များကို ရိပ်မိသိရှိသည့်အလား သူကဆက်လက်၍ ဗိုလ်ချုပ်ကြီးအလက်ဇင်းဒါးအဖို့ အခက်အခဲပေါင်းမြောက်မြားစွာနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်၏တာဝန်ဝတ္တရားမှာလည်း လွယ်ကူလိမ့်မည်မဟုတ်ကြောင်း ပြောကြားပါသည်။ ထို့နောက် ခေတ္တခဏမျှနားနေပြီး မြန်မာပြည်သို့ မြန်မြန်သွားနိုင်မှ ကောင်းမည်ဖြစ်ကြောင်း ကျွန်ုပ်အားပြောပါသည်။ ကျွန်ုပ်က မနက်ဖြန်နံနက်ပင် စတင်သွားမည့်အကြောင်း သူ့အား အစီရင်ခံလိုက်ပါသည်။ သူကလည်း ဒီလိုဆိုရင်